# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### တရားတို့နှင့် ပြည့်စုံအောင်အားထုတ်

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင်အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)


၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက် | ၂၀၂၃ ခုနှစ်၊ ဧပြီ ၂၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၂)၊ အမှတ်(၁၉၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဆိပ်ဖြူမြို့နယ်တွင် ဆီထွက်သီးနှံ နှမ်းများ သီးထပ်သီးညှပ် စတင်စိုက်ပျိုး



နေပြည်တော် ဧပြီ ၁၉

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် နှမ်းများကို ကြက်သွန်နီ၊ မြေပဲ၊ ကုလားပဲ၊ ပဲယဉ်းစိုက်ခင်းများ ရိတ်သိမ်းပြီး မြေလွတ်များတွင် သီးထပ်၊ သီးညှပ်အဖြစ် စိုက်ပျိုးကြကြောင်း၊ နှမ်းမျိုးအနေဖြင့် နှမ်းဖြူ နှမ်းနက်၊ နှမ်းနီ စသည်ဖြင့် စိုက်ပျိုးကြပြီး စိုက်ပျိုးမြေများမှာ မြစ်ရိုးတစ်လျှောက် မြေသားမြေမာများတွင်

*စာမျက်နှာ ၃ ကော်လံ ၁* ❐

## ထူးခြားသည့် နေ့အပူချိန်များ

**၁၉-၄-၂၀၂၃**

| | | |
|---|---|---|
| ချောက်မြို့ | ၄၅ | ဒီဂရီစင်တီဂရိတ် |
| ကလေးဝမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| တမူးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မင်းကင်းမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မုံရွာမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မြင်းမူမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မန္တလေးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| မြင်းခြံမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဘော်လခဲမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |
| ဖားဆောင်းမြို့ | ၄၄ | ဒီဂရီစင်တီဂရိတ် |

မိုး/ဇလ


**ယနေ့ ဖတ်စရာ**

**လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ ရောက်ရှိ** — ပြည်တွင်းသတင်း စာ ၃

**ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ ပရေကြေတို ရေတံခွန်တွင် နေ့စဉ်ရေကစားသူများဖြင့် စည်ကားလျက်ရှိ** — ပြည်တွင်းသတင်း စာ ၄

**ကျောင်းဆရာဆိုတာ တိုင်းပြုပြည်ပြုပုဂ္ဂိုလ်များပါ** — ဆောင်းပါး စာ ၆

**အမှတ်တံဆိပ် အမျိုးအစားများ၊ စွမ်းရည်များနှင့် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ** — ဆောင်းပါး စာ ၁၆





မြန်မာ့အလင်း

# ပညာရေး အလေးထားရန်လို

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လူသားအရင်းအမြစ် ကောင်းမွန်ရန်လိုအပ်ကြောင်း သုတေသီပညာရှင်များက အဆိုရှိကြသည်။ နိုင်ငံသားတို့၏ အတွေးအခေါ် အယူအဆ၊ သဘောထားများ၊ အသိပညာ အတတ်ပညာနှင့် ကျွမ်းကျင်မှုများဖြင့် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် တည်ဆောက်ကြရခြင်းဖြစ်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးအောင် ဦးစွာပထမ ရင်းနှီးမြှုပ်နှံရသည်သာဖြစ်သည်။ နိုင်ငံလူဦးရေတွင် အရေအတွက်အရ အလုပ်လုပ်နိုင်သော အသက်အရွယ်ရှိလူဦးရေအချိုးအစားများပြားသည့် အခြေအနေကောင်းကို ရရှိသော်လည်း ထိုလူဦးရေတွင် ပျင်းရိသူ၊ ကျရာဘဝတွင် ဖြစ်သလိုနေသူ၊ စွမ်းဆောင်လိုစိတ် အားနည်းသူစသည့် အဖျင်းအမော်များပြားနေမည်ဆိုပါက နိုင်ငံအတွက် အကျိုးဖြစ်ထွန်းနိုင်မှုနည်းပါးနေမည်ဖြစ်သည်။

မိမိတို့နိုင်ငံနှင့် အခြားနိုင်ငံတို့မှ စိုက်ပျိုးမွေးမြူလယ်ယာလုပ်ကိုင်သူချင်း နှိုင်းယှဉ်ပါက ထုတ်လုပ်မှုတွင်ရော အရည်အသွေးအရပါ မိမိတို့နိုင်ငံက နိမ့်ကျနေခြင်း၊ အလုပ်သမားချင်း နှိုင်းယှဉ်ပါကလည်း ကျွမ်းကျင်မှုအရရော လုပ်ကိုင်နိုင်သည့် ပမာဏအရပါ မိမိနိုင်ငံက နိမ့်ကျနေခြင်း စသည်တို့ကို မကြာမကြာတွေ့မြင်ကြားသိနေရာ နိုင်ငံတကာမျက်နှာစာတွင် လူမျိုးအရ နိမ့်ကျမှုအဖြစ် ရေရှည်တွင် ရှုမြင်မသွားစေရန် မြှင့်တင်သွားကြရမည်ဖြစ်သည်။ လုံ့လဝီရိယရှိသူများ၊ ဉာဏ်ရည်ဉာဏ်သွေးကောင်း၍ လုပ်ငန်းကျွမ်းကျင်သူများ၊ စိတ်ဓာတ်နှင့် ခွန်အားကောင်းမွန်ကြံ့ခိုင်သူများ ဖြစ်လာစေရန် ကျန်းမာရေး၊ ပညာရေး၊ အာဟာရဓာတ်ပြည့်ဝစွာ စားသုံးနိုင်ရေးနှင့် ကောင်းမွန်သော ကိုယ်ရည်ကိုယ်သွေးများအတွက် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေး၍ ဘက်ပေါင်းစုံမှ ပြုစုပျိုးထောင်ပေးနိုင်ရန် လိုအပ်သည်။

"လူသားအရင်းအမြစ်ကောင်းများရရှိရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ၏ လူဦးရေ ၅၀ ရာခိုင်နှုန်း ခန့်သည် အလယ်တန်းပညာအရည်အချင်းအောက်၌သာရှိကြောင်း၊ ၂၅ နှစ်အထက် လူဦးရေ ၈ ရာခိုင်နှုန်းခန့်သည် စာလုံးဝ တတ်မြောက်ခြင်းမရှိသည်ကို စာရင်းဇယားအချက်အလက်များအရ တွေ့ရှိရကြောင်း၊ အတန်းပညာတတ်မြောက်မှသာလျှင် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးငယ်များအားလုံး ကျောင်းတက်ရောက်ရန်နှင့် ပညာသင်ကြားနိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များကို ဖွင့်လှစ်ပေးပြီးဖြစ်သဖြင့် ကျောင်းတက်ရောက်ရန် အားပေးဆောင်ရွက်ကြစေလိုပြီး ပညာရေးကို အားပေးဆောင်ရွက်ကြစေလိုကြောင်း "နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့ရာ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနှင့်နိုင်ငံအတွက် လူသားအရင်းအမြစ်တိုးတက်ကြွယ်ဝလာရေးအတွက် ပညာရေးကို အလေးထားဆောင်ရွက်ကြရန်လိုသည်။

ယခုအခါ အလယ်တန်းအဆင့် (Grade-9) ပြီးမြောက်အောင်မြင်သော ကျောင်းသူ ကျောင်းသားများအားလုံး နိုင်ငံတစ်ဝန်း ခရိုင် ၅၀ ရှိ မြို့နယ်များမှ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာများကို သင်ယူလေ့ကျင့်ကာ အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိနိုင်တော့မည်ဖြစ်ရာ မိဘပြည်သူများအနေဖြင့် မိမိတို့၏သားသမီး ကျောင်းသားကျောင်းသူများကို ပညာရေးအဟောသိကံ မဖြစ်စေဘဲ သက်မွေးပညာလမ်းကြောင်းများမှတစ်ဆင့် တန်ဖိုးမြင့်မားသည့် လူသားအရင်းအမြစ်ကောင်းများ ဖြစ်ထွန်းလာနိုင်ကြပါစေကြောင်း။ ။



## ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာအပါး ၁၁၁၁၁ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၁၉**

ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာအပါး ၁၁၁၁၁ ပါး တို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်မြတ်ကြီး ရှေးဟောင်းတန်ဆောင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဒွိပိဋကဓရ တိပိဋကာလင်္ကာရစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တ အဂ္ဂသာမိ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်က အဖွင့်သြဝါဒကထာ မြွက်ကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)က ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဂိုဏ်းပေါင်းစုံ သံဃာအပါး ၁၁၁၁၁ ပါးတို့ဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲ ဆောင်ရွက်မည့်ကိစ္စရပ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်ကြသည့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၉**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေချိန်တွင် ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်နှင့် ယနေ့တို့တွင် အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများက ပုသိမ်မြို့ရှိ စံပြဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ၌ ဟင်းသီးဟင်းရွက်မျိုးစုံ၊ မြေအစားထိုး ဓာတုကင်းလွတ် ဟင်းသီးဟင်းရွက်နှင့် တစ်သျှူးငှက်ပျော စိုက်ပျိုးထားရှိမှု၊ ဥစားကြက်နှင့် DYL ဝက် မွေးမြူထားရှိမှုများနှင့် တိုင်းရော အစာစပ်စက်ရုံမှ အစာထုတ်လုပ်နေမှုများကို လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက တောင်ကုတ်တပ်နယ်နှင့် သံတွဲတပ်နယ်တို့ရှိ စိုက်ပျိုးမွေးမြူရေးခြံများ၌ ဥစားကြက်၊ DYL ဝက်၊ အသားစားနွားနှင့် ဥစားဘဲ မွေးမြူထားရှိမှုနှင့် တစ်ပိုင်တစ်နိုင် ရာသီသီးနှံစိုက်ပျိုးထားရှိမှုတို့ကို လည်းကောင်း အသီးသီး သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

## မွန်ပြည်နယ်အတွင်း Sweet Rose ဆန်များ ဖြန့်ဖြူးရောင်းချ

**မော်လမြိုင် ဧပြီ ၁၉**

မွန်ပြည်နယ်သမဝါယမဦးစီးဌာနသည် နေပြည်တော်ရှိ အောင်သဇင်သမဝါယမအသင်းလီမိတက်နှင့် ချိတ်ဆက်၍ အသင်းမှထုတ်လုပ်သည့် Sweet Rose ဆန်အမျိုးအစားဆန်မွှေး ထူးရှယ်များကို မွန်ပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် အသင်းသားပြည်သူများသို့ တစ်ပြည်လျှင် ငွေကျပ် ၃၅၀၀ နှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ တစ်ပြည်၊ သုံးပြည်၊ ခြောက်ပြည်ပါကင်အိတ် ၃၀၀ ကျော်ရောင်းချပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီ အား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၁၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီ အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ အကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးမြှင့်တင်ရေး၊ နှစ်နိုင်ငံ အကျိုးတူကဏ္ဍများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရန်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အားထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးလျက်ရှိသော ဓာတ်အားပေးစက်ရုံမှူးများ၊ မဟာဓာတ်အားလိုင်းမှူးများ၊ ပင်မဓာတ်အားခွဲမှူးများနှင့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၉

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးလျက်ရှိသော ဓာတ်အားပေးစက်ရုံမှူးများ၊ မဟာဓာတ်အားလိုင်းမှူးများ၊ ပင်မဓာတ်အားခွဲရုံမှူးများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိလျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရဲရွာခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)




အဆိုပါညှိနှိုင်းအစည်းအဝေးသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းတို့မှ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနအကြီးအကဲများ၊ ဓာတ်အားပေးစက်ရုံမှူးများ၊ မဟာဓာတ်အားလိုင်းမှူးများနှင့် ပင်မဓာတ်အားခွဲရုံမှူးများ တက်ရောက်ကြသည်။

**လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိအောင် ကြိုးပမ်း**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ဓာတ်အားရရှိရေးသည် များစွာအရေးပါသဖြင့် မိမိတို့နိုင်ငံ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ရရှိနိုင်သမျှသော စွမ်းအင်အရင်းအမြစ်မျိုးစုံကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံမှုနည်းမျိုးစုံဖြင့် လျှပ်စစ်ဓာတ်အားအမြန်ဆုံး တိုးတက်ထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် သုံးစွဲမှုမမျှတနေသည်ကိုလည်း တတ်နိုင်သမျှ ပြည်သူလူထု၏ လိုအပ်ချက်ကို ထိန်းညှိ၍ ဖြန့်ဖြူးပေးနေရပါကြောင်း၊ ၂၀၂၅ ခုနှစ်တွင် လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**လုံခြုံရေးအထူးဂရုပြုဆောင်ရွက်**

ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်အတွင်း သက်ဆိုင်ရာ ဓာတ်အားပေးစက်ရုံမှူး၊ မဟာဓာတ်အားလိုင်းမှူးနှင့် ဓာတ်အားခွဲရုံမှူးများအနေဖြင့် မိမိတို့တာဝန်ယူ ဆောင်ရွက်ရသည့် ဓာတ်အားထုတ်လုပ်ခြင်း၊ ဓာတ်အားပို့လွှတ်ခြင်း၊ ဓာတ်အားဖြန့်ဖြူးခြင်း လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် နိုင်ငံတော်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုဂုဏ်ပြုအပ်ပါကြောင်း၊ ဆက်လက်၍လည်း ထုတ်လုပ်ပြီး လျှပ်စစ်ဓာတ်အားများကို ပြည်သူလူထုထံသို့ ဓာတ်အား ပျောက်ဆုံးမှုအနည်းဆုံး (Losses)ဖြင့် ဗို့အားပြည့်ဝစွာ အချိန်မီရောက်ရှိစေရေး အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဓာတ်အားပေးစက်ရုံနှင့် ဓာတ်အားခွဲရုံကြီးများ မီးဘေးအန္တရာယ်မကျရောက်စေရန်နှင့် အဖျက်အမှောင့်လုပ်ငန်းများ မပြုလုပ်နိုင်စေရေး ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများကို စီမံဆောင်ရွက်သွားရန် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်ဖြစ်သော တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်ရေး ရည်မှန်းချက်နှင့်အညီ စီမံဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် မိမိတို့ကျရာအခန်းကဏ္ဍများမှ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် လုံခြုံရေး အထူးဂရုပြုဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဓာတ်အားပေးစက်ရုံမှူးများက ဓာတ်အားပေးစက်ရုံဆိုင်ရာ အချက်အလက်များနှင့် မိမိတို့ ဓာတ်အားပေးစက်ရုံများအလိုက် ဓာတ်အားထုတ်လုပ်ပေးနေမှု၊ မဟာဓာတ်အားလိုင်းမှူးများက မိမိတို့တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ရသည့် ဓာတ်အားလိုင်းများ၏ အခြေအနေနှင့် ဓာတ်အားလိုင်းအပြစ် ဖြစ်ပေါ်ပါက ပြုပြင်ဆောင်ရွက်ရမှု၊ ပင်မဓာတ်အားခွဲရုံမှူးများက ဓာတ်အားခွဲရုံဆိုင်ရာ အချက်အလက်များနှင့် ဓာတ်အားလက်ခံပို့လွှတ် ဖြန့်ဖြူးပေးနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ဌာနကြီးမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက သုံးသပ်ဆွေးနွေးတင်ပြသည်။ တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညပိုင်းတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ဓာတ်အားလိုင်းများ ပြတ်တောက်ရာတွင် အချိန်နှင့်တစ်ပြေးညီ ပြင်ဆင်ခဲ့သည့် မဟာဓာတ်အားလိုင်းမှူးများနှင့် ထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ထိန်းညှိဖြန့်ဖြူးဆောင်ရွက်ပေးခဲ့သည့် ဓာတ်အားပေးစက်ရုံမှူးများ၊ ပင်မဓာတ်အားခွဲရုံမှူးများ၊ နေပြည်တော်တွင် အတာသင်္ကြန်ကာလအတွင်း ဝန်ကြီးဌာနကိုယ်စားပြု ဖျော်ဖြေပေးခဲ့သည့် သင်္ကြန်ယိမ်းအဖွဲ့တွင် ပါဝင်သော ဝန်ထမ်းများကို ဂုဏ်ပြုသည့် ညစာစားပွဲအခမ်းအနား ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနအကြီးအကဲများသည် အခမ်းအနားသို့ တက်ရောက်လာသည့် ဝန်ထမ်းများနှင့်အတူ ညစာအတူတကွ သုံးဆောင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❒ *ရှေ့ဖုံးမှ*

အများဆုံးစိုက်ပျိုးကြကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဆိပ်ဖြူမြို့နယ်၌ နွေနှမ်းစိုက်ဧက ၁၀၀၀ ဝန်းကျင်ခန့် စိုက်ပျိုးထားရှိပြီး ဆိပ်ဖြူမြို့ အနောက်ပိုင်း ရပ်ကွက်နှင့် ရွာသစ်ရပ်ကွက်တွင် နွေနှမ်းစိုက် တောင်သူ ၅၀ ဖြင့် စိုက်ဧက ၃၀ ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

နှမ်းသီးနှံစိုက်ပျိုးခြင်းဖြင့် မိသားစု စားသုံးဆီ ဖူလုံမှုရရှိသည့်အပြင် ဈေးကွက်ခိုင်မာမှုရှိ၍ အကျိုးအမြတ်ရရှိခြင်းကြောင့် နွေနှမ်းများကို ယခင်နှစ်ထက်တိုး၍ စိုက်ပျိုးလျက်ရှိပြီး နှမ်းစိုက်ခင်းများမှာလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သတင်းရရှိသည်။

**DOCA(မကွေး)**

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ ရောက်ရှိ

**နေပြည်တော် မေ ၁၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Chin Dwin Shan Construction Co.,Ltd. မှ တင်သွင်းလာသော AONENG အမျိုးအစား လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 60 KW သုံးစုံနှင့် (EV Charger) 7 KW အစုံ ၃၀ စုစုပေါင်း လျှပ်စစ်သုံးယာဉ် အားသွင်းစက် ၃၃ စုံသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါလျှပ်စစ်သုံးယာဉ် အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီ အား လက်ခံတွေ့ဆုံစဉ်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၁၉

**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြန်မာနိုင်ငံတွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (အောက်ပုံ)

တွေ့ဆုံစဉ် ရခိုင်ဒေသ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးနှင့် ပတ်သက်သည့်ကိစ္စများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ပြင်ဆင်ထားမှုများ၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ ဆေးပညာသင်ကြားရေး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံ ဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီ အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မန်ဂျူရူလ် ကရင်ခမ် ချောင်ဒရီ အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး မြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု အပါအဝင် နှစ်နိုင်ငံ အကျိုးတူကဏ္ဍများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရန် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ ပရေကြေတိုရေတံခွန်တွင် နေ့စဉ်ရေကစားသူများဖြင့် စည်ကားလျက်ရှိ

**ရှမ်းရွာသစ် ဧပြီ ၁၉**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ရှိ ပရေကြေတို ရေတံခွန်သို့ နွေရာသီကာလတွင် အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိရာ မိသားစုများ၊ အပေါင်းအဖော် သူငယ်ချင်းများနှင့် စုပေါင်းလာရောက်ပြီး အပန်းဖြေရေကစားသူများဖြင့် နေ့စဉ် စည်ကားလျက်ရှိကြောင်း သိရသည်။



ပရေကြေတိုရေတံခွန်သည် ရှမ်းရွာသစ်မြို့ မဲသမူးကျေးရွာအုပ်စု ပရေကြေထကျေးရွာတွင် တည်ရှိပြီး ရှမ်းရွာသစ်မြို့မှ သုံးမိုင်ခန့် ကွာဝေးသော ကျောက်ထပ်ရှစ်ဆင့်ရှိ တောင်ကုန်း၊ တောင်တန်းများကြားမှ အေးမြကြည်လင်နေသော ရေများဖြင့် သဘာဝအတိုင်းဖြစ်ပေါ်နေသောရေတံခွန်တစ်ခုလည်းဖြစ်သည်။ ထို့ပြင် ကရင်ပြည်နယ်အတွင်းရှိ ထင်ရှားသည့် ရေတံခွန်တစ်ခုလည်းဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် အဖွဲ့လိုက် နေ့စဉ်လာရောက် အပန်းဖြေရေကစားကြကြောင်း၊ ရေတံခွန်တစ်လျှောက် ရေကူးကြသူများ၊ အရိပ်ရ သစ်ပင်အောက်များ၌ အပန်းဖြေ အနားယူကြသူများ၊ ဓာတ်ပုံ ရိုက်ကူးသူများဖြင့် စည်ကားလျက်ရှိပြီး ဒေသထွက်ရာသီစာ ဟင်းသီးဟင်းရွက်များ ရောင်းချနေကြသော ဒေသခံများ အနေဖြင့် အပိုဝင်ငွေရရှိကြကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပရေကြေတို ရေတံခွန်သို့ လာရောက်အပန်းဖြေ ရေကစားသူများ အေးချမ်းပျော်ရွှင်စွာ အနားယူ အပန်းဖြေနိုင်စေရန်နှင့် ရေတံခွန် သန့်ရှင်းသာယာ လှပစေရန်အတွက် တာဝန်ရှိသူများက ရာသီစာ ဟင်းသီးဟင်းရွက်များ ရောင်းချနေကြသော ဈေးသည်များကို သတ်မှတ်နေရာများတွင် စနစ်တကျ ခင်းကျင်းရောင်းချရန်၊ စွန့်ပစ်သည့် အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြရန်နှင့် ခရီးသွားဧည့်သည်များ အေးချမ်းပျော်ရွှင်စွာ ရေကစားကြ ရန်အတွက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဇင်လေး(ပြန်/ဆက်)**

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ မတည်ထောက်ပံ့မည့် အစီအစဉ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး ဧပြီ ၁၉**

ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထောက်ပံ့မည့် အစီအစဉ်များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ ၁၈ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်း အဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



### အားလုံးပူးပေါင်းပါဝင် ကြိုးစားဆောင်ရွက်

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်မှ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကျပ် ရှစ် ဘီလီယံဖြင့် ထပ်မံဆောင်ရွက်ပေးမည်ဖြစ်၍ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအား သတ်မှတ်ထားသည့် မူဝါဒများ၊ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာနယ်မြေအလိုက် စိုက်ပျိုးရေးလုပ်ငန်းကြီးကြပ်မှုအဖွဲ့များက ကွင်းဆင်း၍ အမှန်တကယ် လုပ်ငန်းဆောင်ရွက်သူများကိုသာ စိစစ်ရွေးချယ်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် စိုက်နည်းစနစ်ပြောင်းလဲခြင်း၊ သက်တမ်းတို၍ အထွက်ကောင်းပြီး ပြည်ပဈေးကွက်ရရှိနိုင်သည့် သီးနှံများအား စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မွေးမြူရေးကဏ္ဍတွင် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးစနစ်(GAqP)အတိုင်း မွေးမြူနိုင်ရေး အသိပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ MSMEs လုပ်ငန်းများနှင့် ပတ်သက်၍ ထုပ်ပိုးမှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် အရည်အသွေးပြည့်မီသည့် ထုတ်ကုန်များ ဖြစ်ပေါ်လာစေရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် စိုက်ပျိုးရေရှားပါးမှု ပြဿနာအား ဖြေရှင်းနိုင်ရန်အတွက် ရေချိုထိန်းသိမ်းခြင်းအတွက် ဖွဲ့စည်းပေးထားသည့် Water User အဖွဲ့များဖြင့် စိုက်ပျိုးရေအား စနစ်တကျ အကျိုးရှိရှိသုံးစွဲနိုင်ရေး စိစစ်ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းနှင့် အချိန်တိုအတွင်း တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားလုံးပူးပေါင်းပါဝင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်က စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စနစ်တကျ ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စနစ်တကျဆောင်ရွက်သွားမည့် အခြေအနေကို လည်းကောင်း၊ အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအေးမောင်ကြည်က ခရိုင်/မြို့နယ်/ကျေးရွာများအလိုက် ကော်မတီဖွဲ့စည်းမှုနှင့် ဘဏ္ဍာငွေရယူသုံးစွဲရမည့် လုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များကို လည်းကောင်း တင်ပြဆွေးနွေးသည်။

### ဖြည့်စွက်မှာကြား

ယင်းနောက် ခရိုင်စိုက်ပျိုးရေးလုပ်ငန်း ကြီးကြပ်မှုအဖွဲ့ ဥက္ကဋ္ဌများက ခရိုင်အတွင်းရှိ မြို့နယ်များအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## မိုးဦးပန်းအထွေထွေရောင်းဝယ်ရေး သမဝါယမအသင်း၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**ရန်ကုန် ဧပြီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် မိုးဦးပန်းအထွေထွေရောင်းဝယ်ရေး သမဝါယမ အသင်း၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့များ ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၁၈ ရက်က ကျင်းပရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)**



ထို့နောက် အစည်းအဝေးတွင် အမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားရှင်းလင်း အတည်ပြုချက်ရယူပြီး အသင်းသားများသို့ အစုပေါ်အမြတ် ငွေကျပ် ၅၅ သိန်း ပေးအပ်သည်။ ဆက်လက်၍ အမှုဆောင်အဖွဲ့သစ် ရွေးချယ်ပွဲကို ပန်းဘဲတန်း မြို့နယ်အဆင့် ဖွဲ့စည်းရေးကော်မတီမှ ဦးဆောင်၍ အမှုဆောင်အဖွဲ့ဝင် ငါးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးကို ရွေးချယ်ပေးကြောင်း သိရသည်။

**မြန်မာ့အလင်း**

## သာပေါင်းမြို့နယ်၌ သာသနိကအဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းဝေးလုံခြုံရေး စစ်ဆေး

**သာပေါင်း ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ သာသနိကအဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းစင်စေရေး မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများကို ယနေ့ မွန်းတည့် ၁၂ နာရီမှ စတင်ဆောင်ရွက်သည်။

ထိုသို့ သာသနိကအဆောက်အအုံများ မီးလောင်မှု၊ မီးလှန့်မှုများ မဖြစ်ပေါ်စေရေးအတွက် အမှတ်(၃)ရပ်ကွက် မီးဘေးလုံခြုံရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းဝင်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်တို့က ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ လှည့်လည်၍ မီးသုံးစွဲမှုနေရာများ စနစ်တကျအသုံးပြုရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**

သစ်ပင်နည်းလာ၊ တို့ကမ္ဘာ
လွန်စွာပူအေး၊ ဥတုဘေး

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင်ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည် –

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများ တွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ် လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တ အနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား နှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာ ဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီလ၊ ၂၀၂၃)**

# ကျောင်းဆရာဆိုတာ တိုင်းပြုပြည်ပြုပုဂ္ဂိုလ်များပါ

**ဒေါက်တာမောင်သင်း**

**မိမိတပည့်များ တော်ရန်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ကြိုးစားဖြည့်ဆည်းခဲ့သည်။ တပည့်များကိုလည်း ထက်မြက်ပြီး လူကောင်းလူတော်များဖြစ်အောင် လေ့ကျင့်ပေးခဲ့သည်။ မိမိ၏ သင်ဆရာများအပြင် မြင်ဆရာ၊ ကြားဆရာများ၏ ဆုံးမမှုကိုလည်း လက်လှမ်းမီသလောက် ရှာဖွေခံယူခဲ့သည်။ ထိုသို့ ရှာဖွေရာတွင် "တပည့်ဟာ ဆရာထက် တော်ရမယ်၊ ဒါမှသာ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက် မြင့်တက်သွားမှာ၊ တပည့်က ဆရာထက်ညံ့၊ အဲဒီ တပည့်ထက် နောက်မျိုးဆက်က ပိုညံ့ရင် မြန်မာတွေ အဝီစိကို ငုံ့ကြည့်ရမယ်။ ဆရာဆိုတာ ကိုယ့်ထက်သာတဲ့တပည့်တွေကို လေ့ကျင့်မွေးထုတ်နိုင်မှ ဆရာကောင်းဖြစ်တယ်" ဆိုသည့် ဆရာကြီး ဦးဖေမောင်တင်၏ ဆုံးမစကားကို အထူးနှစ်သက်မိ**

**"ဖွံ့ဖြိုးတဲ့နိုင်ငံဖြစ်လာခြင်းဟာ သူ့နိုင်ငံသား တွေကောင်းကြ၊ တော်ကြလို့ပါ။ ကောင်းသလောက် တော်ကြတဲ့ နိုင်ငံသားတွေ ကြွယ်ဝဖို့ကျတော့ အဲဒီနိုင်ငံရဲ့ပညာရေးမှာ အရည်အသွေးမြင့်တဲ့ ဆရာတွေရှိမှ ဖြစ်မှာပါ"**

**လီရှန်လွန်း**

**စင်ကာပူဝန်ကြီးချုပ်**

**"ဆရာတော်မှ တပည့်တော်မှာ။ ဆရာ ညံ့ရင် တပည့်တွေ ပိုညံ့သွားမှာပေါ့"** ဆိုသည့် ဆရာများ ထက်ရန်၊ မြက်ရန် လိုအပ်ကြောင်း ကျွန်တော် ဆရာငယ်ဘဝကတည်းက ကိုယ့်ဆရာသမားများ အကြိမ်ကြိမ်ဆုံးမခဲ့သည်ကို မှတ်သားခဲ့ရဖူးသည်။

မိမိတပည့်များ တော်ရန်အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ကြိုးစားဖြည့်ဆည်းခဲ့သည်။ တပည့်များကိုလည်း ထက်မြက်ပြီး လူကောင်းလူတော်များ ဖြစ်အောင် လေ့ကျင့်ပေးခဲ့သည်။ မိမိ၏သင်ဆရာများအပြင် မြင်ဆရာ၊ ကြားဆရာများ၏ ဆုံးမမှုကိုလည်း လက်လှမ်းမီသလောက် ရှာဖွေခံယူခဲ့သည်။ ထိုသို့ရှာဖွေရာတွင် **"တပည့်ဟာ ဆရာထက် တော်ရမယ်၊ ဒါမှသာ မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် မြင့်တက်သွားမှာ၊ တပည့်က ဆရာထက်ညံ့၊ အဲဒီ တပည့်ထက် နောက်မျိုးဆက်က ပိုညံ့ရင် မြန်မာတွေ အဝီစိကို ငုံ့ကြည့်ရမယ်။ ဆရာဆိုတာ ကိုယ့်ထက်သာတဲ့တပည့်တွေကို လေ့ကျင့်မွေးထုတ်နိုင်မှ ဆရာကောင်းဖြစ်တယ်"** ဆိုသည့် ဆရာကြီး ဦးဖေမောင်တင်၏ဆုံးမစကားကို အထူးနှစ်သက်မိသည်။

သို့မှသာ ကျောင်းဆရာဆိုသည်မှာ ဖတ်စာအုပ်ထဲကစာ သို့မဟုတ် ပညာရပ်လောက်သာ သင်ပေးရုံဖြင့် ဆရာ့အလုပ်မပြီးသေးပါလား။ နိုင်ငံနှင့် လူ့အဖွဲ့အစည်း၏ အနာဂတ်ကို ဖန်တီးပုံဖော်ပေးနေသည့် နေရာတွင် ရပ်တည်နေတာပါလားဆိုသည်ကို သတိပြုလာမိသည်။ **"ဆရာတွေရဲ့တာဝန် ကြီးလေးကြောင်း"** နှင့် ဆရာများသည် **"တိုင်းပြုပြည်ပြုပုဂ္ဂိုလ်များ အဆင့်"** တွင် ရပ်တည်နေကြောင်းကိုလည်း အထက်ပါစင်ကာပူဝန်ကြီးချုပ်၏ မိန့်ဆိုချက်ကို နက်နက်နဲနဲတွေးကြည့်မှ ထင်ထင်ရှားရှား မြင်လာရပါသည်။

## သမိုင်းထဲမှ ဖိုးသုညတော်လှန်ရေး ဆင်နွှဲကြသူများ

အဆိုပါ **"ဖိုးသုညတော်လှန်ရေး"** ဟူသည့် ဝေါဟာရကို သမ္မတကြီး (ငြိမ်း) ဒေါက်တာမောင်မောင်က သူ့စာအုပ်ဖြစ်သည့် **"သက်ရှိရာဇဝင်"**တွင် ဖော်ပြထားခဲ့ခြင်းဖြစ်သည်။ ဤတွင် **"ဖိုးသုည"** ဟူသော ဝေါဟာရကိုမူ မြန်မာနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်ဦးနုက သုံးစွဲခဲ့ခြင်းဖြစ်သည်။ ထင်ရှားသည့် သူ့စကားမှာ **"ဖိုးသုညတွေနဲ့ နိုင်ငံတည်ဆောက်လို့မရ"**ဟူ၍ဖြစ်သည်။

ထိုခေတ်၊ ထိုအခါ အမြင်အရ စာမတတ်၊ ပေမတတ် ပညာဉာဏ်နိမ့်သူများဖြင့် နိုင်ငံဖွံ့ဖြိုးအောင်မလုပ်နိုင်ဟု ဆိုလိုခြင်းပါ။ သို့ဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် **"ဘဝသစ်စီမံကိန်း"**ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သည်။ ပြီးနောက် **"လူထုပညာရေးဥပဒေ"** ကို ထပ်မံပြဋ္ဌာန်းကာ လူထုပညာရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့သည်။ လွတ်လပ်ရေးရပြီးစအချိန်၌ မြန်မာနိုင်ငံတွင် စာမတတ်သူ ၆၀ ရာခိုင်နှုန်းကျော်ရှိသည်။ ထိုဘဝသစ်စီမံကိန်းကို ဖိုးသုညများလက်ထဲ အပ်ခဲ့မည်ဆိုလျှင် မောရုံသာရှိမည်ဟု ခံယူထားကြသည်။

**"လူထုပညာရေးမှူး"** များ ခန့်အပ်ကာ ပညာရည်မြင့်မားသူများ တိုးပွားစေရေးကို အကောင်အထည်ဖော်ခဲ့သည်။ ထိုအချိန်က **"ဖိုးသုညတော်လှန်ရေး"** ဆင်နွှဲနေသည့် လူထုပညာရေးမှူးများနှင့် ကျောင်းဆရာများကို တောတွင်းကွန်မြူနစ်များက လိုက်လံရှာဖွေ သတ်ဖြတ်ကြသဖြင့် ပုန်းအောင်းကာ ပညာသင်ကြားပေးခဲ့ရကြောင်းလည်း လေ့လာမိခဲ့သည်။ ပြည်သူများ အသိဉာဏ်ပွင့်လန်းလာမည်ကို မလိုလားသူများ ရှိခဲ့ကြောင်း သမိုင်းသက်သေပါ။

ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။ ဆရာများ ခန့်အပ်ပေးခဲ့ကာ လွတ်လပ်ပြီးခါစ မြန်မာနိုင်ငံ၏ "ဖိုးသုညတော်လှန်ရေးစစ်ပွဲ" ကို ဆင်နွှဲခဲ့ခြင်းသမိုင်းတွင် ဉာဏတိုက်စစ်မှူးကျောင်းဆရာများ ရှေ့တန်းက ပါဝင်ခဲ့ကာ နိုင်ငံတည်ဆောက်ရေး အခြေခံအုတ်မြစ်ဖြစ်သည့် နိုင်ငံသားများ ပညာရည်မြင့်မားအောင် စွမ်းဆောင်ပေးခဲ့သည်။ လွတ်လပ်ရေးရပြီး တိုင်းပြည်ထူထောင်ရေး သို့မဟုတ် တိုင်းပြုပြည်ပြုသမိုင်းတွင်လည်း ဆရာများ တာဝန်ကျေခဲ့ကြသည်။ ယနေ့အချိန်အခါတွင် ဖိုးသုညခေတ်ဆီ ဦးတည်နေသူများ ရှိနေလျှင်လည်း မိမိနိုင်ငံသားများ၏ မျိုးဆက်များကို ပညာသင်ကျောင်းရောက်လာပြီး အသိဉာဏ်ပွင့်လန်းလာအောင် သက်ဆိုင်သူများအား စည်းရုံးအသိဉာဏ် ဖွင့်ပေးခြင်းဖြင့် "ခေတ်သစ်ဖိုးသုညတော်လှန်ရေး" ကို ဆက်လက်လုပ်ဆောင်ပေးရန် လိုပါလိမ့်မည်။

## ဆရာဆိုသည်မှာ ငြိမ်းချမ်းရေးဗိသုကာ

အောက်တိုဘာ ၅ ရက်သည် ကမ္ဘာ့ဆရာများနေ့ဖြစ်သည်။ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ၂၀၂၂ ခုနှစ်မှ ယနေ့တိုင်ပင်ဖြစ်သည်။ ဆရာများနေ့ပေါ်ပေါက်လာပုံမှာလည်း စိတ်ဝင်စားစရာကောင်းသည်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို ဖော်ဆောင်ခဲ့သည်မှာ နှစ်ပေါင်း ၈၀ နီးပါးရှိပါပြီ။ မငြိမ်းချမ်းသည့်အပြင် ပြည်တွင်းစစ်များ၊ နိုင်ငံအချင်းချင်းဖြစ်ပွားမှုများ၊ ဆူပူမှု၊ ပုန်ကန်မှုပေါင်းများစွာ၊ အကြမ်းဖက်မှုမျိုးစုံတို့ဖြင့်သာ ပြည့်လျှံနေသည်။ ငြိမ်းချမ်းမှုကို မရရှိသေး။

အဆိုပါ ပြည်တွင်းစစ်၊ ဆူပူမှု၊ ပုန်ကန်မှုနှင့် အကြမ်းဖက်မှု စသည့် မငြိမ်းချမ်းမှုများ ဖြစ်ပွားနေသည့်နေရာများသည် ပညာရည်နိမ့်ကျသူများ ထူထပ်သည့်နေရာဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အထူးသဖြင့် အာဖရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်းဒေသ၊ အာရှအနောက်ဘက်၊ ဥရောပအရှေ့တောင်ဘက်နှင့် အမေရိကအလယ်ပိုင်းစသည့် နေရာများဖြစ်ကြသည်။

မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် ပညာရည်မြင့်မားအောင်နှင့် လိမ္မာယဉ်ကျေးပြီး ငြိမ်းချမ်းမှုကို မြတ်နိုးသူများဖြစ်အောင် လုပ်ဆောင်ပေးနိုင်သည်မှာ တစ်ကမ္ဘာလုံးရှိ ဆရာ ဆရာမများဖြစ်သည်။ ပညာရည်မြင့်မားသူများ ပေါများလာပါမှ ကမ္ဘာ့နေရာအနှံ့ မငြိမ်းချမ်းမှုများကင်းကာ ငြိမ်းချမ်းမှုပြည့်လျှံသည့်ကမ္ဘာဖြစ်ထွန်းလာမည်ကို သိပြီး ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့လေးဖွဲ့ဖြစ်သည့် ယူနက်စကို (UNESCO)၊ ယူနီဆက် (UNICEF)၊ အိုင်အယ်လ်အို (ILO)နှင့် ယူအန်နင်ဒီပီ (UNDP) တို့ပူးပေါင်းပြီး ကမ္ဘာ့ဆရာများနေ့ဟူ၍ သတ်မှတ်ဂုဏ်ပြုခဲ့ကြခြင်းဖြစ်သည်။

**"လူ့အဖွဲ့အစည်းရဲ့ ငြိမ်းချမ်းရေးကို အစောဆုံး ဆောင်ရွက်နိုင်သူတွေဟာ ဆရာ ဆရာမတွေပါပဲ"** ဟူ၏။ မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆရာဟူသမျှသည် တပည့်ကို လိမ္မာယဉ်ကျေးသူ၊ လူ့အဖွဲ့အစည်း ငြိမ်းချမ်းရန်နှင့် ကောင်းကျိုးသယ်ပိုးရန်သာ သင်ကြားလေ့ကျင့်ပေးခဲ့သည်။ ပြည်ဖျက်ရန်၊ ဆူပူရန်၊ အကြမ်းဖက်ရန်၊ တိုင်းဖျက်ပြည်ဆူရန် မည်သည့်ကျောင်းဆရာကမှ သမိုင်းတစ်လျှောက် မလေ့ကျင့်ပေးခဲ့ပါ။ သို့ဖြစ်၍ ယဉ်ကျေးသည့် မြန်မာ့လူ့အဖွဲ့အစည်းက လေးစားတန်ဖိုးထားရသူ အနန္တဂိုဏ်းဝင်များအဖြစ် ရပ်တည်ခဲ့ကြသည်။

## ဆရာဆိုသည်မှာ ဉာဏတော်လှန်ရေးသမား

ဆရာများ၏တော်လှန်ရေးသည် အပြုတော်လှန်ရေး သို့မဟုတ် စစ်မှန်သည့်တော်လှန်ရေးဖြစ်ပေသည်။ မသိနားမလည်မှုကို တော်လှန်၏။ အသိဉာဏ်ဆင်းရဲမှုကို တော်လှန်ပေသည်။ ညင်သာ၏။ ချစ်စဖွယ်တော်လှန်ရေးဖြစ်၏။ တော်လှန်ရေးမစစ်လျှင် သွေးထွက်သံယိုရှိ၏။ သတ်ဖြတ်မှုပါဝင်၏။ ပျက်စီးမှု၊ ဖျက်ဆီးမှုများ များ၏။ တော်လှန်ရေးစစ်မှန်လျှင် လူတစ်ဦးချင်းမှသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အသိဉာဏ်မြင့်အောင် စွမ်းဆောင်၏။ လူ့အဖွဲ့အစည်းငြိမ်းချမ်း၏။ သာယာ၏။ ဖွံ့ဖြိုး၏။ အဆိုပါ မြတ်နိုးဖွယ်တော်လှန်ရေးကို ရှေ့တန်းမှ ဦးဆောင်နေကြသူများသည် ဉာဏတိုက်စစ်မှူးများဖြစ်ကြသည့် ကျောင်းဆရာများပင်ဖြစ်သည်။

ဉာဏတိုက်စစ်မှူးများ၏ တော်လှန်ရေးလုပ်ငန်းများတွင် -

- (က) အသိဉာဏ်ပညာ ဆင်းရဲမွဲတေမှုကို တော်လှန်ခြင်း၊
- (ခ) နိုင်ငံကြီးသားစိတ်ထား ကင်းမဲ့မှုကို တိုက်ဖျက်ခြင်း၊
- (ဂ) အကျင့်စာရိတ္တချွတ်ခြုံကျမှု မရှိအောင် စွမ်းဆောင်ခြင်း၊
- (ဃ) အမျိုးသားရေး "စံ" များ ပျက်သုဉ်းမှုမှ ကာကွယ်ထိန်းသိမ်းခြင်း၊
- (င) အစွန်းရောက်မှု မြင့်မားခြင်းနှင့် တရားမျှတခြင်း အားနည်းမှုမရှိရလေအောင် တည့်မတ်ခြင်း၊
- (စ) ဒီမိုကရေစီစိတ်ထားနှင့် အလေ့အကျင့် ခေါင်းပါးမှုကင်းအောင် လေ့ကျင့်ပေးခြင်း၊
- (ဆ) ဘိုးဘွားအမွေအနှစ်ကို ထိန်းသိမ်းလိုသည့် ခံယူချက်မြင့်မားအောင် ဆောင်ရွက်ခြင်း စသည်တို့ပါဝင်သည်။

နိုင်ငံသားတစ်ဦးဖြစ်လာလျှင် တောင့်တင်းခိုင်မာစွာရှိနေရမည့် အထက်ပါအရည်အသွေးများ ချွတ်ခြုံကျမှုကို တော်လှန်နေခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားတိုင်းရှိရမည့် ကိုယ်ခံအားကျဆင်းလာပြီဆိုလျှင် အမှား၊ အမှန်ခွဲခြားနိုင်မှုကင်းကာ ပြောသမျှ ယုံ၊ ခိုင်းသမျှသာ လုပ်တတ်သည့်အဆင့်သို့ လူ့အရည်အသွေး နိမ့်ဆင်းလာတော့သည်။ ဤသည်ကိုအကွက်ချောင်းနေသော ခေတ်သစ်ကိုလိုနီများက မီဒီယာမျိုးစုံဖြင့် မှိုင်းတိုက်၊ ယုံအောင်ဓာတ်သွင်းကြတော့သည်။ ပြီးလျှင် ခေတ်သစ်ကျွန်ပြုရန်အကြံဖြင့် **"အိမ်ကြက်ချင်း အိုးမည်းသုတ် ခွပ်ခိုင်းသည့်ပမာသို့"** အချင်းချင်း ရန်တိုက်ပေး၏။ နိုင်ငံသားများ၏ စည်းလုံးမှု အင်အားချည့်နဲ့အောင်လုပ်ပြီးနောက် အဝေးထိန်းဖြင့် အချုပ်အခြာအာဏာကို ယိုင်နဲ့အောင်ပြု၏။ ကျွန်ဓာတ်သွင်းလို၏။ ဤဓာတ်ညွှန်းမျိုးအတိုင်း လိုက်ပြီး မကမိစေရန် ဆရာများက ခေတ်အဆက်ဆက် ကြိုမြင်ခဲ့၏။ ထိုသို့မဖြစ်ရန် ထိန်းသိမ်းတည့်မတ်ပေးခဲ့ကြ၏။ ဉာဏ်ပညာဖြင့် တော်လှန်၏။ သို့အတွက် နိုင်ငံသားတိုင်းကို အမျိုးသားရေး ကိုယ်ခံအားများချည့်နဲ့မှု ကင်းဝေးစေရန်နှင့် ပိုမိုတောင့်တင်းခိုင်မာသည်ထက် ခိုင်မာအောင် မျိုးဆက် တစ်ဆက်ပြီးတစ်ဆက် လေ့ကျင့်တည်ဆောက်ပေးနေကာ နိုင်ငံတော်ကို ကာကွယ်နေသည်က ယနေ့ကျောင်းဆရာများပင်ဖြစ်သည်။

## ဆရာ ဆရာမများနှင့် နွေရာသီမွမ်းမံသင်တန်း

နွေရာသီကျောင်းပိတ်ရက်တွင် ဆရာ ဆရာမများ မည်သည့်အတွက် မွမ်းမံသင်တန်းများ တက်နေရသလဲဆိုသည့် မေးခွန်းကို ပြည်သူများကြားတွင် နှစ်စဉ်နှစ်တိုင်းမေးနေကြသည်။

**(က) နုပျိုဆေး အမြဲမှီဝဲကြသူများပါ**

အထက်ပါမေးခွန်းကို **"ကမ္ဘာကျော် Ford ကားကုမ္ပဏီ"** စတင်တည်ထောင်သူ **"ဟင်နရီဖို့ဒ်"** ၏ **"နုပျိုဆေး"** ကြောင့်ပါဟု ဆရာ ဆရာမများ၏ ကိုယ်စား ဆရာတစ်ယောက်အနေဖြင့် ပထမဆုံး ဖြေကြားပါရစေ။ သူ့အဆိုကတော့ **"လေ့လာလိုက်စားမှုကို ပြုမြဲပြုနေသူသည် နုပျိုသူမည်၏" "လေ့လာလိုက်စားမှု ရပ်ဆိုင်းလိုက်သူသည် အိုမင်းသူမည်၏"** ဟူ၍ဖြစ်သည်။

အမှန်တွင်မူ ဆရာ ဆရာမများ၏ အမြော်အမြင်နှင့် ဉာဏ်ပညာသည် ထာဝစဉ်ခေတ်ရှေ့ပြေးနေရမည်။ နုပျိုလန်းဆန်းနေရမည်။ အတွေးသစ်၊ အမြင်သစ်ဖြင့် အနာဂတ်မြန်မာ့လူ့ဘောင်သစ်ကို လှမ်းမျှော်ကြည့်ရှုနိုင်စွမ်းရှိရမည်။ သို့မှသာ ယနေ့မျိုးဆက်သစ်များအား အနာဂတ်လူ့ဘောင်သစ်နှင့် ကိုက်ညီမည့် အရည်အသွေးများကို တပ်ဆင်ပေးနိုင်ပါလိမ့်မည်။ မွမ်းမံသင်တန်းလာတက်နေခြင်းသည် ဉာဏ်အဟောင်းပြင်၍ ဉာဏ်သစ်တပ်ဆင်ကာ မြင့်မားသည့် လူ့အဖွဲ့အစည်းဆီသို့ ကျောင်းသား ကျောင်းသူများကို တွန်းပို့နိုင်ရန်အတွက် အားသစ် ဉာဏ်သစ်လောင်းနေခြင်းပင်။ ဆိုလိုသည်မှာ ဆရာ့ဉာဏ်အသစ်ဆောင်းနိုင်မှ တိုင်းပြည်ကောင်းအောင် စွမ်းဆောင်မည့် ခေတ်မီတပည့်အပေါင်းကို မွေးထုတ်နိုင်မည်ဖြစ်သည်။

*စာမျက်နှာ ၇ သို့*

## ဆောင်းဒါးရက်ကန်းအသက်မွေးပညာသိပ္ပံ၌ ထူးချွန်ဝန်ထမ်းအား ဆုချီးမြှင့်

**အမရပူရ မေ ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ သဘာဝဆိုးဆေး၊ ပန်းပုံရိုက်နှင့် Botanical Printing ဆရာ ဆရာမများ မွမ်းမံသင်တန်းဆင်းပွဲ၊ ၂၀၂၂- ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်မှု ပေးအပ်သောဆောင်ရွက်ရသောလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ခဲ့သည့် ထူးချွန်အရာထမ်း၊ အမှုထမ်း နှစ်ဦးအား ထူးချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၂၃ ပညာသင်နှစ် ပုံမှန်သင်တန်းများတွင် သင်တန်းသားရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့သော အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုပွဲကို မေ ၁၈ ရက်က အဆိုပါ သိပ္ပံအစည်းအဝေးခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲနှင့် ဂုဏ်ပြုပွဲတွင် ကျောင်းအုပ်ကြီးက အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ ဝန်ထမ်းများအား နှစ်သစ်ကူးလက်ဆောင်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သွင်ထူးဉာဏ်ဇော်**
**(မန္တလေး)**

## တံတားမြို့၌ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်

**တံတား မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တံတားမြို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ယနေ့နံနက်ပိုင်းက သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ပြည်သူ့ကျန်းမာရေးဦးစီးဌာန အထက်တန်းသူနာပြုဆရာမကြီး ဦးဆောင်၍ ဝန်ထမ်းများက အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း သက်ကြီးအဘိုးအဘွားများအား သွေးပေါင်ချိန် ခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်း၊ ရာသီတုပ်ကွေးနှင့် ဖျားနာခြင်းများအတွက် ဆေးဝါးကုသပေးခြင်း စသည့်အထွေထွေကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ရာ အဘိုးအဘွားစုစုပေါင်း ၁၃၅ ဦး ဆေးကုသခံယူခဲ့ကြောင်း သိရသည်။

**ဖြိုးသီဟ (တံတား)**



## ဟားခါးပြည်သူ့ဆေးရုံကြီး၌ ပထမဆုံးအကြိမ် ဦးနှောက်အတွင်း အကျိတ်တည်သည့် လူနာတစ်ဦးအား ခွဲစိတ်မှုအောင်မြင်

**ဟားခါး မေ ၁၉**

ဟားခါးမြို့ ခုတင်(၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဇေယျာဦး ဦးဆောင်သည့်အဖွဲ့က ဦးနှောက်အတွင်း အကျိတ်တည်သည့် အသက် ၂၉ နှစ်ရှိ အမျိုးသားလူနာတစ်ဦးကို မေ ၃ ရက်တွင် ခွဲစိတ်ခဲ့ရာ ခွဲစိတ်မှုအောင်မြင်ခဲ့သည့်အတွက် ဟားခါးမြို့ပြည်သူ့ဆေးရုံ၌ ပထမဆုံးအကြိမ် ဦးနှောက်အတွင်း အကျိတ်တည်ခြင်းကို ခွဲစိတ်အောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဦးနှောက်အတွင်း အကျိတ်တည်သည့် လူနာအား ဟားခါးမြို့ပြည်သူ့ဆေးရုံကြီးမှ ခွဲစိတ်အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့က မေ ၃ ရက် နံနက် ၁၁ နာရီ မှ ညနေ ၃ နာရီအထိ လေးနာရီကြာ ခွဲစိတ်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယင်းလူနာသည် ယခုအခါ ကျန်းမာရေးကောင်းမွန်လျက်ရှိကာ မကြာမီ ဆေးရုံမှ ဆင်းနိုင်မည်ဖြစ်ကြောင်းနှင့် ၎င်းသည် ထန်တလန်မြို့နယ်မှ လာရောက်ဆေးကုသခြင်းဖြစ်ကြောင်း သိရသည်။ **ဆလိုင်း( ဇလပ်မြေ)**

## သံတောင်ကြီးမြို့၌ လူငယ်များအတွက် နွေရာသီရက်တို သင်တန်းဆင်း

**သံတောင်ကြီး မေ ၁၉**

ကရင်ပြည်နယ် သံတောင်ကြီးမြို့၌ ဖိုင်းယာန်းနှစ်ခြင်း အသင်းတော်လူငယ်များက ဦးဆောင်၍ လူငယ်များအနေဖြင့် နွေရာသီအားလပ်ရက်များတွင် အသိပညာ၊ အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ချိန်ကို အကျိုးရှိစွာ တန်ဖိုးထားတတ်စေရန်၊ အသိပညာဗဟုသုတ တိုးပွားစေရန်အတွက် နွေရာသီရက်တိုသင်တန်းဆင်းပွဲကို ယမန်နေ့ ညနေ ၄ နာရီက ဖိုင်းယာန်းနှစ်ခြင်းဘုရားကျောင်း၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် သင်တန်းတက်ရောက်သည့်လူငယ်များက အဖွဲ့လိုက် Group Sound သီချင်းဖြင့်ပြိုင်ပွဲများပြုလုပ်ပြီး ဆုရရှိသူများအား ဖိုင်းယာန်းနှစ်ခြင်း အသင်းတော် လူငယ်ဥက္ကဋ္ဌ စောဂေဒိုစိုးနှင့်တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**နော်နော်မူ(ပြန်/ဆက်)**

---

*စာမျက်နှာ ၆ မှ*

**(ခ) အောင်မြင်သည့်အဖွဲ့အစည်းမို့ပါ**

**“အောင်မြင်သော အဖွဲ့အစည်းတိုင်းသည် အမြဲတမ်းသင်ကြားပို့ချပေးနေသည့် အဖွဲ့အစည်းဖြစ်သည်”**ဟု အမေရိကန်နိုင်ငံ မီချီဂန်တက္ကသိုလ် ပါမောက္ခ ဒေါက်တာနိုအဲလ်တီချီ (Noel Tichy) က လေ့လာတွေ့ရှိခဲ့သည်။ မိမိအဖွဲ့အစည်းကို အောင်မြင်အောင် အကောင်အထည်ဖော်သည်မှာ အမြဲလေ့လာနေသော လူသားအရင်းအမြစ်များပင် ဖြစ်သည်။ လူသားအရင်းအမြစ်၏ ဉာဏ်ပညာရေချိန်မြင့်ပါမှ အဖွဲ့အစည်း၏ အောင်မြင်မှု “ကြာပန်း” တင့်တယ်နိုင်ပေမည်။ သင်တန်းပို့ချခြင်းတွင် အဖွဲ့အစည်း၏ အားနည်းချက်၊ အားသာချက်များနှင့် ခေတ်အလိုက်ပြောင်းလဲလာသည့် လူ့အဖွဲ့အစည်း၏ အတွေးသစ်၊ အမြင်သစ်နှင့် နည်းပညာသုံးစွဲမှုတို့ အကောင်းဆုံးအသုံးချနိုင်ရန်များ အပါအဝင် အတွေ့အကြုံရှိသူ လူကြီးများက မိမိတို့၏ အတွေ့အကြုံကို နောက်မျိုးဆက်များသို့ လက်ဆင့်ကမ်းပေးကြသည်။ အဆိုပါအချက်များကို ပညာရေးဌာနအကြီးအကဲများနှင့် ဆရာ ဆရာမများက ခံယူကျင့်သုံးရင်း **“အမြဲလေ့လာ ဆည်းပူးနေသည့် ပညာလူ့အဖွဲ့အစည်း”** ဖြစ်ရန် ဆရာများက စံနမူနာပြကြိုးပမ်းနေခြင်းဖြစ်သည်။

**(ဂ) လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှု၏ မဏ္ဍိုင်ခိုင်မြဲစေရန် ကြိုးပမ်းနေသူများပါ**

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ခု၏ ဗဟိုချက်မဖြစ်သည်။ ပညာရေးနိမ့်ကျလျှင် နိုင်ငံဖွံ့ဖြိုးရေးဖြစ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူ့အဖွဲ့အစည်းများ အားလုံးနိမ့်ကျပြီး ပညာရေးကောင်းမွန်သည့် နိုင်ငံနှင့်လူ့အဖွဲ့အစည်းသည် ကမ္ဘာ့ထိပ်တန်းကို ရောက်ရှိနေသည်။ ဖွံ့ဖြိုးမှု၊ နိမ့်ကျမှုအားလုံးသည် လူသားတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းကို ပညာရေးက လေ့ကျင့်ပေးလိုက်သည့် အရည်အသွေးအပေါ် မူတည်နေပေသည်။

လူသားတစ်ဦးချင်းဖွံ့ဖြိုးမှ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးမည်။ လူ့အဖွဲ့အစည်းဖွံ့ဖြိုးမှုသည်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးရန် လိုပေသည်။ ရပ်တန့်သွားလျှင် နောက်ကျကျန်နေပေလိမ့်မည်။ လူသားတိုင်း မိခင်ဝမ်းအတွင်းမှ သေဆုံးသည်အထိ ကင်းလွတ်၍မရသည့်အရာကား ပညာရေးပင် ဖြစ်ပေသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများက ပညာရေးကို “From Womb to Tomb” ဟု ခံယူကျင့်သုံးနေပေသည်။ ကျောင်းသင်ပညာရေး သို့မဟုတ် အတန်းကျောင်း (Formal Education) ပြီးဆုံးတိုင်း ပညာရေး ပြီးဆုံးခြင်းမဟုတ်ပေ။ ကျောင်းမှ ထွက်သွားသူတစ်ဦးဦးသည် ပညာရေး သို့မဟုတ် ကိုယ်တိုင်သင်ပညာရေး (Non-formal Education) နှင့် ဆက်လက်ထိတွေ့လေ့လာသင်ယူနေရမည်။ အတန်းပညာရေးပြီး၍ ကျောင်းမှဆင်းသွားသည့် ကျောင်းသားတစ်ဦးချင်းသည် **“ဘဝမှာ တိုးတက်ချင်၊ အောင်မြင်ချင်၊ ကြီးပွားချင်ရင် ကိုယ်တိုင်ဆက်လက်လေ့လာမှု၊ ဆည်းပူးမှုကို သေသည်အထိ လုပ်ဆောင်နေရမည်”** ဟူသည့် အသိဉာဏ်ပါသွားသည်အထိ ယနေ့ကျောင်းသင်ပညာရေးကို အကောင်အထည်ဖော်နေကြသူ ဆရာ ဆရာမများက လေ့ကျင့်ပေးရပါလိမ့်မည်။ ဆရာများကိုယ်တိုင်လည်း အဆိုပါအသိကို ရှေ့ဆုံးက လက်ခံကျင့်သုံးကာ ယခုကဲ့သို့မွမ်းမံသင်တန်းများ တက်နေခြင်းဖြစ်သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်တွင် သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ ဦးစန်းယုက **“ဆရာဆိုတာ ထာဝရကျောင်းသားကြီးတွေပါ”** ဟု ဆိုခဲ့သည်။ ယင်းအဆိုသည် “တစ်သက်တာ သင်ယူသူ” (Lifelong learners) ဟုဆိုခဲ့ခြင်းဖြစ်ပြီး ယနေ့ **“ပညာခေတ်”**တွင် ပိုမိုမှန်ကန်ကြောင်း တွေ့မြင်နေရသည်။ ခေတ်ရှေ့ပြေးသည့် အမြင်ပါ။ ဆရာ ဆရာမများ ယခုကဲ့သို့ မွမ်းမံသင်တန်းတက်ရင်း မိမိကိုယ်ကို ဖြည့်ဆည်းနေခြင်းသည် ပညာရေးသည် လူတစ်ဦးချင်း၏ ဘဝတိုးတက်မှုကို ပိုမိုဖော်ဆောင်နိုင်ပြီး လူ့အဖွဲ့အစည်း၏ ဖွံ့ဖြိုးမှုဗဟိုချက်မ၌ ဆက်လက်ရပ်တည်နေနိုင်အောင် ကြိုးပမ်းနေကြခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးမှုတွင် **“ဆရာသည် ခေါင်းကိုင်သခင်များ”** ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏ဖွံ့ဖြိုးမှုကို ဖော်ဆောင်သည်မှာ နိုင်ငံသားများပင်ဖြစ်သည်။ ဆောင်းပါးအစတွင် ဖော်ညွှန်းခဲ့သည့် စင်ကာပူဝန်ကြီးချုပ်၏ စကားကဲ့သို့တော်သလောက်ကောင်းသည့်နိုင်ငံသားများကို လေ့ကျင့်ပေးနေသည်မှာ ဆရာကောင်း၊ ဆရာမြတ်များပင်။ သို့ပါ၍ ဆရာသည် တပည့်များကို စာ သို့မဟုတ် ပညာရပ် တော်ရုံလောက်သာ သင်ပေး၊ လေ့ကျင့်ပေးမှုအဆင့်တွင် ရပ်မထားအပ်ပေ။ ဤအဆင့်သည် ဆရာ့တာဝန်ကျေပွန်မှု မလုံလောက်သေးပေ။ မိမိနှင့် တပည့်များသည် **“တိုင်းပြုပြည်ပြုနိုင်ငံသား”** ဖြစ်ကြသည်ဟူသည့် ခံယူချက်ရှိရမည်။ “တိုင်းဖျက်ပြည်ဆူစိတ်ထားကင်းသူများ”ဖြစ်ရမည်။ ထို့အပြင် မိမိသည်လည်းကောင်း၊ မိမိ၏တပည့်သည်လည်းကောင်း ဤနိုင်ငံတွင်မွေး၍ ဤလူ့အဖွဲ့အစည်းတွင် ကြီးပြင်းကာ ဤယဉ်ကျေးမှုနှင့် မွေ့လျော်ခွင့်ရခြင်းကိုလည်း အမြဲဂုဏ်ယူလိုစိတ် ရှိစေရပေမည်။

ထိုဂုဏ်ယူစိတ်နှင့်အပြိုင် ဤမြေ၊ ဤရေ၊ ဤလူ့အဖွဲ့အစည်းနှင့် ယဉ်ကျေးမှုတို့သည် ဂုဏ်ယူထိုက်၊ ဂုဏ်ယူစရာဖြစ်အောင် အမြဲကြိုးပမ်းနေရေးသည် နိုင်ငံသားဖြစ်သည့် မိမိတို့ ဆရာများနှင့် မိမိတို့ဆရာများက လေ့ကျင့်သင်ကြားပေးလိုက်သည့် နိုင်ငံသားတပည့်များ၏ **“ကောင်း”** သလောက် **“တော်”** မှုအပေါ်တွင် မူတည်နေပေသည်ဟူသည့် နိုင်ငံတည်ဆောက်ရေးခံယူချက်ဖြင့် သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ရမည်။ နောက်ဆုံးတွင် ဆရာတပည့် ဉာဏ်ရည်ဉာဏ်သွေးမြင့်မားမှုအပေါ်တွင် နိုင်ငံ၏ အခြေတင့်မှု၊ မတင့်မှုသည် တည်မှီနေပါသလားဟူသည့် **“တိုင်းပြုပြည်ပြု နိုင်ငံရေးအမြင်ကျယ်မှု”** ရှိသော **“ထာဝရကျောင်းသားကြီးများဘဝ”**ကို ခံယူထားကြသူများအဖြစ် ဆရာဘဝကို ရပ်တည်နိုင်သူများဖြစ်ရမည်။

သို့အတွက် အစဉ်လေ့လာနေပြီး အမြဲတမ်း မိမိကိုယ်ကို အရည်အသွေးမြင့်သည်ထက် မြင့်အောင်မြှင့်တင်နေကြသည့် မြတ်ဆရာ ဆရာမများဘဝကို အစဉ်ခံယူနိုင်ရန် နွေရာသီမွမ်းမံသင်တန်း တက်နေကြခြင်းဖြစ်သည်။ အဆိုပါနွေရာသီမွမ်းမံသင်တန်းသို့ လာရောက်သင်တန်းတက်ရောက်နေကြသည့် **“တိုင်းပြုပြည်ပြုဆရာ ဆရာမများ”** အား ဂုဏ်ပြုလျက် ယခုဆောင်းပါးကို ရေးသားလိုက်ရပါသည်။ ။

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့် ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီ (၆/၂၀၂၃) လုပ်ငန်းညှိနှိုင်းစည်းဝေး

**ဘားအံ မေ ၁၉**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ပြည်နယ်အဆင့်ကျေးရွာစီမံကိန်းကြီးကြပ်မှုကော်မတီ (၆/၂၀၂၃)လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၁၉ ရက်နေ့ နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁) ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ထုတ်ချေးရန် ကျန်ရှိသည့် အရင်းမပျောက် မတည်ငွေများကို ဆက်လက်ထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်ကြစေလိုပြီး ခြောက်လပြည့်ပြီးသည့် ထုတ်ချေးပြီး ရန်ပုံငွေများကိုလည်း စနစ်တကျဖြင့် အတိုးနှုန်းများ ပြန်လည်ကောက်ခံကြရမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်က ရန်ပုံငွေမှ ထုတ်ပေးထားသည့် အရင်းမပျောက် မတည်ငွေများကို မပျောက်ပျက်စေဘဲ တိုးပွားလာစေရန်နှင့် အကျိုးရှိစွာ စနစ်တကျ အသုံးချနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ရန်ပုံငွေများကို တောင်သူများ လက်ဝယ်အရောက် အချိန်နှင့်တစ်ပြေးညီ လွှဲပြောင်းပေးနိုင်ရေး၊ မိုးသီးနှံစိုက်ကေများအတွက် အချိန်မီ ချေးငွေထုတ်ချေးပေးနိုင်ရေး ဆွေးနွေးတင်ပြသည့်အပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ပုဂံလူရည်ချွန်အပန်းဖြေစခန်းဖွင့်ပွဲနှင့် မိတ်ဆုံညစာစားပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**မန္တလေး မေ ၁၉**

ပုဂံလူရည်ချွန်အပန်းဖြေစခန်း ဖွင့်ပွဲနှင့် မိတ်ဆုံညစာစားပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်သည်။



အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဦးစီးကော်မတီများအနေဖြင့် ပုဂံလူရည်ချွန် အပန်းဖြေစခန်းဖွင့်ပွဲ မကျင်းပမီ၊ ကျင်းပချိန်နှင့် ကျင်းပပြီးစီးသည်အထိ ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို လစ်ဟာမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ နေရာဒေသအသီးသီးမှ ပါဝင်ကြရာ ရေမြေ ဒေသရာသီဥတု မတူညီမှုများရှိသည့်အတွက် တစ်ဦးချင်းမှအစ အဖွဲ့လိုက်အထိ ဂရုတစိုက်ဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းများကို အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားလုံးတက်ညီလက်ညီ ဟန်ချက်ညီစွာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။ **(ဝဲပုံ)**

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်တို့က လူရည်ချွန်များ ရောက်ရှိသည့်ခရီးစဉ်မှ အပြန်ခရီးစဉ်အထိ ဆောင်ရွက်ထားမှုအခြေအနေများနှင့် ပုဂံလူရည်ချွန်အပန်းဖြေစခန်းအတွက် ဆောင်ရွက်မည့်လုပ်ငန်း အစီအမံများကို အသေးစိတ် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**




# တောင်ကြီးမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**တောင်ကြီး မေ ၁၉**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၆) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မေ ၁၉ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ အမှတ် (၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာ အထက်တန်းအဆင့်၊ အခြေခံပညာ အလယ်တန်းအဆင့်၊ အခြေခံပညာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က တက်ရောက်ကြည့်ရှု အားပေးပြီး **(အပေါ်ပုံ)** ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ငွေများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ အမှတ် (၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ခွဲ ဒုတိယရဲမှူးကြီး လင်းထွဋ်မြင့်က လက်ခံရယူသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၂၆) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် အခြေခံပညာ အထက်တန်းအဆင့်၊ အခြေခံပညာအလယ်တန်းအဆင့်၊ အခြေခံ ပညာမူလတန်းအဆင့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၁၆၄ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် မြေအောက်ရေတူးဖော်ရရှိနေမှုနှင့် ရေဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၁၉**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ညနေပိုင်းက စစ်တွေမြို့ရေရရှိရေးအတွက် မြေအောက်ရေ တူးဖော်ရေးအဖွဲ့များမှ ရေတူးဖော်ရရှိနေမှု၊ ကန်တော်ကြီးသို့ ရေဖြည့်တင်းနေမှု၊ ရေစုကန်များ တည်ဆောက်နေမှုနှင့် ရေဆက်လက်တူးဖော်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တာဝန်ရှိသူများက မြေအောက်ရေ တူးဖော်ရရှိနေမှုအခြေအနေနှင့် ကန်တော်ကြီးသို့ ရေဖြည့်တင်းနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းပေးသည်။ **(အောက်ပုံ)** ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ မျိုးသန့်ခြံအတွင်း မြေအောက်ရေ တူးဖော်ရရှိနေမှုနှင့် ရေသိုလှောင်ဖြန့်ဖြူးနိုင်ရန် ရေဂါလန် ၂၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေးနှင့် ကန်တော်ကြီးသို့ ရေပို့လွှတ်နိုင်ရေး၊ ရေဖြန့်ဝေပေးနေမှုများ ပြတ်လပ်မှု မရှိစေရေး မှာကြားပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား ၃၃ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ပုသိမ် မေ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် မြန်မာနှစ်သစ်မင်္ဂလာ အခါသမယ အထိမ်းအမှတ်အားဖြင့်လည်းကောင်း၊ ပြည်သူလူထု နှလုံးစိတ်ဝမ်းအေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် လည်းကောင်း အကျဉ်းထောင်/ အချုပ်ထောင်/ စခန်းအသီးသီးတို့၌ ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား၊ အကျဉ်းသူများအား ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ရာ မေ ၁၇ ရက်နေ့ နံနက်ပိုင်းတွင် ပုသိမ်အကျဉ်းထောင်မှ အကျဉ်းသား ၃၃ ဦးကို လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



အဆိုပါ လွတ်ငြိမ်းခွင့်ပြုခဲ့ရာတွင် ပုသိမ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်မိုး၊ ထောင်တာဝန်ခံ အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဇော်လင်း၊ ပုသိမ်နယ်မြေ ရဲစခန်းမှူး ဒုရဲမှူး ကျော်ဦး၊ ခရိုင်မီးသတ်ဦးစီးဌာန ဒု-မီးသတ်ဦးစီးမှူး ဦးဝင်းဆန်း တို့က လွတ်ငြိမ်းခွင့်ရရှိသော အကျဉ်းသားများအား အကျဉ်းထောင် အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဆုံးမဩဝါဒ စကားများ ပြောကြားသည်။

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများသည် ရာဇဝတ် ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ (၁) အရ နောက်တစ်ကြိမ်ပြစ်မှု ထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**

# ကျိုက်မရော အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု

**ကျိုက်မရော မေ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မြန်မာနှစ်သစ်မင်္ဂလာ အခါသမယ၌ ပြည်သူလူထု နှလုံးစိတ်ဝမ်း အေးချမ်းစေရေးနှင့် လူသားချင်း စာနာထောက်ထားမှုကို အလေးထားသောအားဖြင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၈/၂၀၂၃ ပါ ပြစ်ဒဏ်လွတ်ငြိမ်းခွင့် အမိန့်အရ ကျိုက်မရောမြို့နယ် အကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများကို မေ ၁၇ ရက် နံနက် ၉ နာရီခွဲက ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ကြောင်းသိရသည်။




အဆိုပါ ပြစ်ဒဏ်ကျခံလျက်ရှိသည့်အကျဉ်းသား ၁၈ ဦးနှင့် အကျဉ်းသူ သုံးဦး စုစုပေါင်း ၂၁ ဦးတို့ကို ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးဦး၊ ကျိုက်မရော အကျဉ်းထောင်မှ တာဝန်ခံအရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးသက်ဦးတို့က ဆုံးမဩဝါဒ စကားပြောကြားခဲ့ကာ ၎င်းတို့ ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြုခဲ့ပြီး အကျဉ်းသား၊ အကျဉ်းသူများကို ၎င်းတို့ ခံစားခွင့် ရရှိသည့် စားစရိတ်၊ ခရီးစရိတ်များ ပေးအပ်၍ (ဝဲပုံ) သက်ဆိုင်ရာ ကားဂိတ်များသို့ ပို့ဆောင်ပေးခဲ့ကြောင်း ကျိုက်မရော အကျဉ်းထောင်မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖားကန့်မြို့ အချုပ်ထောင်မှ အကျဉ်းသား၊ အကျဉ်းသူ ငါးဦး လွတ်ငြိမ်းခွင့်ရရှိ

**ဖားကန့် မေ ၁၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဖားကန့်အချုပ်ထောင်မှ မေ ၁၇ ရက်က ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ ငါးဦးလွတ်မြောက်လာခဲ့ကြောင်း သိရသည်။

ယင်းလွတ်မြောက်လာခဲ့သော အကျဉ်းသား လေးဦး၊ အကျဉ်းသူ တစ်ဦး စုစုပေါင်း ငါးဦးသည် မူးယစ်ဆေးဝါးမှုဖြင့် ပြစ်ဒဏ်ကျခံခဲ့သော အကျဉ်းသား၊ အကျဉ်းသူများဖြစ်ကြောင်း သိရသည်။

အဆိုပါ အကျဉ်းသား၊ အကျဉ်းသူ ငါးဦးအား ဖားကန့်အချုပ်ထောင်မှ တာဝန်ရှိသူများက ဆုံးမဩဝါဒစကား ပြောကြားခဲ့ပြီး ကတိခံဝန်ချက်လက်မှတ်ရေးထိုး၍ လွတ်လက်မှတ်ပေးအပ်ခြင်း၊ ကချင်ပြည်နယ် အစိုးရအဖွဲ့က အကျဉ်းသားတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ငါးဦးအတွက် ငွေကျပ် ၅၀၀၀၀ လမ်းစရိတ် ထောက်ပံ့ငွေနှင့် သတ်မှတ်ခရီးစရိတ်/ စားစရိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




# "ပေရယ်" MRTV Orchestra သံစုံတီးဝိုင်းဖျော်ဖြေတင်ဆက်မှု မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် မေ ၁၉**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် "ပေရယ်" MRTV Orchestra သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှုကို မေ ၂၁ ရက်၊ (သောကြာနေ့) ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့် ပြသမည် ဖြစ်သည်။

အဆိုပါအစီအစဉ်ကို "MRTV Orchestra" သံစုံတီးဝိုင်းအဖွဲ့၏ တင်ဆက်မှုနှင့်အတူ တေးသံရှင်များ ဖြစ်ကြသည့် အကယ်ဒမီ စိုးသူ၊ ရဲထိုက်၊ စောဒယ်နီရယ်၊ ရွှေဖြူ၊ ရဲရင့်ဝေလွင်၊ နန်းစန္ဒီ၊ သဒ္ဒါဖြူ ၊မြနန္ဒာ၊ ဝမ်းကေဇင်နှင့် ဖူးကေရီဆောင်းတို့က ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို မေ ၂၃ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၁၀နာရီခွဲတွင် ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခန္တီးမြို့တွင် အကျဉ်းသား၊ အကျဉ်းသူ ၅၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိ

**ခန္တီး မေ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် မေ ၁၇ ရက် နံနက် ၉ နာရီခွဲက အကျဉ်းဦးစီးဌာန ခန္တီးအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား ၅၁ ဦး၊ အကျဉ်းသူ လေးဦး၊ စုစုပေါင်း ၅၅ ဦး ပြစ်ဒဏ်လွတ်ငြိမ်း ခွင့်ပြုခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခန္တီးအကျဉ်းထောင် တာဝန်ခံအရာရှိ ဦးဇော်မျိုးက နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပေးသည့် အမိန့်စာအား ဖတ်ကြားခဲ့ပြီး ခန္တီးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုး၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး မျိုးဇော်မောင်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဇော်ထိုက်တို့က လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်လာသူမျာ အား ဆုံးမဩဝါဒစကားများ ပြောကြားခဲ့ပြီး(ဝဲပုံ) တာဝန်ရှိသူများက လွတ်မြောက်လာသည့် အကျဉ်းသားများအား လွတ်လက်မှတ်နှင့် ခရီးစရိတ်များအား အသီးသီး ပေးအပ်ခဲ့ကြောင်း သိရသည်။



**ယွန်း(မုံရွာ၊ကိုယ်ပွား)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ အေးခဲအသားတုများ ဖျက်ဆီး

**ကျိုက်ထို မေ ၁၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာ၌ ဖွင့်လှစ်ထားသည့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားမဝင်အကောက်ခွန်ပစ္စည်းများအား အကောက်ခွန်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကိုဦး ဦးစီး၍ ဌာနဆိုင်ရာများနှင့် ပူးပေါင်းကာ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများအား စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ၁၈ ရက် မွန်းလွဲပိုင်းတွင် ဘားအံမြို့မှ သယ်ဆောင်လာသည့် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၂၀၀၀၀ ရှိ ပြည်သူများ စားသုံးရန် မသင့်သော ထိုင်းနိုင်ငံထုတ် အေးခဲအသားတုများ သိမ်းဆည်းရရှိခဲ့သည်။

အဆိုပါ အေးခဲအသားတုများအား မေ ၁၉ ရက် မွန်းလွဲပိုင်းတွင် အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကိုဦး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ပူးပေါင်းအဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ဝင်းမောင်(ကျိုက်ထို)**



# ဖြူစင်သောစိတ်ထားနဲ့ သူများကောင်းအောင်ကြိုးစားပါ

မောင်မောင်လင်း (သံအမတ်ကြီး)

**မြတ်ဗုဒ္ဓရဲ့ တရားဓမ္မများကို Organizational Behavior ဘာသာရပ်နဲ့ ချဉ်းကပ်လေ့လာတဲ့ ပုံစံမျိုးနဲ့ရေးသားပြီး ဖတ်ရှုသူများရဲ့ အပြုအမူပြောင်းလဲရာမှာ အထောက်အပံ့ဖြစ်စေရေး ရည်ရွယ်ချက်၊ နိုင်ငံတကာပညာရှင်များရဲ့ အတွေးအခေါ်သဘောတရားများ၊ သီအိုရီများနဲ့ ပေါင်းစပ်ရေးသားနေမှုမှာ မြတ်ဗုဒ္ဓရဲ့ တရားတော်များက လိုအပ်ချက်ရှိနေခြင်းကြောင့်မဟုတ်ဘဲ လွန်ခဲ့သောနှစ်ပေါင်း ၂၆၀၀ လောက်ကတည်းက ဟောကြားခဲ့တဲ့ တရားတော်များဟာ ဘယ်လောက်ပြည့်စုံမှန်ကန်မှုရှိကြောင်း ဖော်ထုတ်ရေးသားနေခြင်း ဖြစ်ပါတယ်။ စာရေးသူရဲ့ ဦးတည်ရည်ရွယ်ရေးသားမှုအပေါ် စာဖတ်သူများကိုယ်တိုင် ဖတ်ရှုပြီး ကိုယ်ပိုင်အသိနဲ့ ချင့်ချိန်ဆုံးဖြတ်သွားနိုင်စေဖို့ ရည်မှန်းချက် ထားရှိပါတယ်။**

ဘာကြောင့်လဲဆိုတော့ ဘာသာပေါင်းစုံချစ်ကြည်ရေး (Interfaith) လုပ်ငန်းစဉ်ကို လေ့လာမှတ်သားခွင့်ရခဲ့တယ်။ ဂျူး၊ အစ္စလာမ်နဲ့ ခရစ်ယာန် အသိုင်းအဝိုင်းမှာ ငါးနှစ်ကျော် ဖြတ်သန်းခဲ့ဖူးတယ်။ အဲဒီကာလမှာပဲ ဟိန္ဒူဘာသာဝင်၊ ကွန်ဖြူးရှပ်ဝါဒီ၊ မော့က်စ်ဝါဒီ၊ မော်ဝါဒီ၊ ဘာသာမဲ့ဝါဒီနဲ့ မဟာယနဗုဒ္ဓဘာသာဝင်များနဲ့ပါ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့တဲ့ အတွေ့အကြုံရှိထားတာနဲ့အညီ သစ္စာလေးပါးရဲ့ အခြေခံအကျဆုံး ရုပ်၊ နာမ် အပေါင်းအစည်းဖြစ်တဲ့ လူသားဖြစ်လာခဲ့ရမှုအပေါ် ဒုက္ခလို့ လက်မခံတဲ့ သူနဲ့လည်း စကားပြောဆိုခဲ့ဖူးသလို ကံ၊ ကံရဲ့ အကျိုးကို လက်မခံ၊ အရာရာကို ထာဝရဘုရားသခင်ကသာ ဖန်ဆင်းပေးတာမို့ ထူးထူးခြားခြား အောင်မြင်မှုများကိုတောင်မှ အကြောင်းတိုက်ဆိုင်မှု/ ကံတရား (Chance)နဲ့ ကံကောင်းမှု (Luck) ကြောင့်ဖြစ်တာ၊ ဒါကိုလည်း ဘုရားသခင်က ချီးမြှင့်ပေးမှု (Blessing) ပြုလိုက်တာလို့ မြင်တဲ့သူလည်းရှိတယ်။ သိပ္ပံပညာရှင်များဘက်က ထာဝရဘုရားသခင်ဆိုတာ မရှိဘူးလို့ ဆိုတာကြောင့် ၎င်းဖြစ်စဉ်ဟာ သဘာဝတရားကြီးက ဖန်တီးပေးလိုက်တာပဲဖြစ်တယ်လို့ ယူဆသူများနဲ့လည်း စကားပြောဆိုခဲ့ဖူးပါတယ်။

## သစ္စာလေးပါးမြတ်တရား

မြတ်ဗုဒ္ဓကတော့ အရိယသစ္စာလေးမျိုးရှိတယ်။ အဲဒီလေးမျိုးက ဘဝတစ်ခုကို ခြုံကြည့်လိုက်တဲ့အခါမှာ ဘဝဆိုတဲ့အရာဟာ အားလုံးမတည်ငြိမ်ဘဲ ဖြစ်ပျက်နေတယ်။ ဒီဖြစ်ပျက်မှုတွေရဲ့ နှိပ်စက်မှုတွေက မိမိထင်ထားတဲ့အတိုင်းလည်း မဟုတ်လို့ အားလုံးကို ဒုက္ခလို့ သတ်မှတ်တယ်။ ဘဝဆိုတာ ကျေနပ်စရာ မကောင်းဘူး၊ လူတွေရဲ့သန္တာန်မှာ ဖွဲ့စည်းထားတဲ့ ရုပ်နာမ်တရားတွေဟာ ကျေနပ်စရာ မကောင်းလို့ ဒုက္ခလို့ သတ်မှတ်တာ။ အဲဒီအတိုင်းလည်းမှန်ကန်တယ်။ ဒီဒုက္ခကိုသိမှ လူတွေရဲ့ သန္တာန်မှာရှိတဲ့ တွယ်တာမှုတွေကို ဖယ်ရှားနိုင်မှာဖြစ်တယ်။ ပိုင်းခြားသိအောင် ကြိုးစားရတယ်။ ဒုက္ခလို့သိတဲ့ ဒုက္ခဟာ မှန်ကန်ပြီး ဒါကို ဖယ်ရှားနိုင်ရင် မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဖြစ်မယ်။ ဒါကြောင့်မို့လို့ ဒုက္ခအရိယသစ္စာလို့ခေါ်ခြင်းဖြစ်တယ်။ ဒုက္ခဟာ သူ့ဟာသူဖြစ်လာတာမဟုတ်။ တွယ်တာမှုဆိုတဲ့ တဏှာဦးဆောင်တဲ့ ကိလေသာတွေကြောင့် ဖြစ်လာတာ။ ဒါကြောင့်မို့ အဲဒီကိလေသာတွေဟာ ဒုက္ခဖြစ်ကြောင်းတရားတွေလို့ အမှန်အကန်သိတယ်။ သိလို့ အဲဒီ အကြောင်းတရားတွေက ဖယ်နိုင်အောင် ကြိုးစားလာတယ်။ အဲဒီလို ဖယ်ရှားလို့ရမယ့် အကြောင်းတရားတွေကို သိရှိတာနဲ့ပဲ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်အဖြစ် ရောက်စေနိုင်တာကြောင့် ဖယ်ရှားရမယ့် ဒုက္ခသမုဒယ၊ ဒုက္ခရဲ့အကြောင်းတရားဟာလည်းပဲ မြင့်မြတ်တဲ့ပုဂ္ဂိုလ်အဖြစ် ရောက်စေတဲ့နေရာမှာ မှန်ကန်တာကြောင့် ဒါကိုလည်း သစ္စာလို့ခေါ်ပါတယ်။

ဒါကဘဝနဲ့ပတ်သက်ပြီးတော့ အကြောင်းတရားရယ်၊ အကျိုးတရားရယ် နှစ်ခု။ အဲဒီမှာ ဘဝကြီးရဲ့ ချုပ်ငြိမ်းတဲ့အဆင့်၊ နောက်ဆုံးမှာ လုံးဝမဖြစ်တော့တဲ့ အဆင့်မျိုးကို သိရှိနားလည်မှ ဒုက္ခကလွတ်မှာဖြစ်တယ်။ အဲဒီအဆင့်ကိုသိတာ ဒုက္ခနိရောဓလို့ဆိုတဲ့ တတိယသစ္စာ။ အဲဒီ တတိယသစ္စာဟာလည်း တကယ်ရှိတာဖြစ်လို့ တကယ်သိပြီး တကယ်မျက်မှောက်ပြုနိုင်ပြီဆိုရင် သတ္တဝါတွေရဲ့ သန္တာန်မှာဖြစ်တဲ့ ကိလေသာတွေ အားလုံးငြိမ်းသွားတယ်။ ကိလေသာတွေ ငြိမ်းသွားတာကြောင့် ကံတွေလည်း အလုပ်မဖြစ်တော့ဘူး။ ကိလေသာရော၊ ကံရောငြိမ်းသွားတဲ့အတွက်ကြောင့် ဒုက္ခတွေအားလုံးငြိမ်းသွားတယ်။ အဲဒါကိုရဖို့ နည်းလမ်းကို မဂ္ဂသစ္စာလို့ ခေါ်တယ်။ ဒါကြောင့်မို့ သစ္စာလေးပါးဆိုတာ တစ်ခုနဲ့တစ်ခု ကွင်းဆက်ဖြစ်နေတယ်လို့ ပါမောက္ခချုပ်ဆရာတော်ကြီးက ဟောကြားခဲ့ဖူးပါတယ်။ ဆေးပညာသဘောအရဆိုရင် လူတွေမှာ ရောဂါဆိုတာရှိတယ်။ ရောဂါဖြစ်ကြောင်း အကြောင်းရင်းခံဆိုတာရှိတယ်။ ရောဂါပျောက်ခြင်းဆိုတာရှိတယ်။ ရောဂါပျောက်တဲ့နည်းလမ်းဆိုတာ ရှိတယ်ပေါ့။

> ❂ **လူမှာ စိတ်ဟာ လွန်စွာအရေးပါပြီး မိမိရဲ့ ပြောဆို၊ ပြုမူ၊ နေထိုင်လုပ်ဆောင်မှုအားလုံးအပေါ် စိတ်က ဦးဆောင်လုပ်ဆောင်နေခြင်းဖြစ်တာကြောင့် အတွေးမှန်၊ အသိမှန်မှသာ မှန်ကန်စွာပြောဆို၊ ပြုမူမှု လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း နာယူခဲ့ရပါတယ်။ လူများဟာ မိမိနေ့စဉ် နေထိုင်လုပ်ဆောင်နေတဲ့ လူမှုနဲ့ လုပ်ငန်းခွင်ဝန်းကျင်ထဲမှာပင် သမ္မာဝါစာ ကောင်းစွာပြောဆိုခြင်း (Right Speech)၊ သမ္မာကမ္မန္တ ကောင်းစွာလုပ်ဆောင်ခြင်း (Right Action)နဲ့ သမ္မာအာဇီဝ ကောင်းစွာအသက်မွေးဝမ်းကျောင်းပြုခြင်း (Right Livelihood)ဆိုတဲ့ သီလမဂ္ဂင်တရားနဲ့ ညီညွတ်အောင် နေထိုင်ခြင်းမျိုးနဲ့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရရှိခံစားနိုင်**

အကျဉ်းချုပ်လိုက်ပြီး သံသရာဘက်ကို ကြည့်လိုက်မယ်ဆိုရင် ဒုက္ခရယ်၊ ဒုက္ခဖြစ်ခြင်း အကြောင်းတရားရယ်။ သံသရာက လွတ်မြောက်မှုနဲ့ ကြည့်မယ်ဆိုရင် ဒုက္ခရဲ့ ချုပ်ငြိမ်းသွားမှုရယ်၊ ချုပ်ငြိမ်းသွားစေတဲ့ နည်းလမ်းရယ်။ နေ့စဉ်နေထိုင်မှုဘဝမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စတဲ့ပြဿနာတွေ မရှိဘူးလား။ ရှိတယ်။ ရှိတာကို သိတယ်။ ဒါဟာဒုက္ခသစ္စာပဲပေါ့။ အဲဒီလိုဖြစ်တဲ့ အကြောင်းတရားဟာ သမုဒယသစ္စာ။ ပြဿနာကို ဖြေရှင်းနိုင်မယ်လို့ သိတာ နိရောဓသစ္စာ၊ ပြဿနာကို ဖြေရှင်းနိုင်တဲ့ နည်းလမ်းဟာ မဂ္ဂသစ္စာ။ ဒါဆို လူတိုင်းဟာ ပြဿနာနဲ့ ကြုံနေရတော့ မဂ္ဂင်ရှစ်ပါးနည်းလမ်းဟာ လူတိုင်းအတွက် လိုက်နာကျင့်သုံးရမယ့်အရာ ဖြစ်တယ်ဆိုတာ သဘောပေါက်ကြမှာပါ။

နောက်တစ်ခုက ဘယ်လိုကိုးကွယ်ယုံကြည်မှုမျိုး သက်ဝင်ယုံကြည်သူဖြစ်ဖြစ်၊ နောက်ဆုံး ဘာသာမဲ့၊ ပစ္စည်းမဲ့ဝါဒီဖြစ်ဖြစ် လူသားတစ်ဦးဖြစ်လာခဲ့ပြီဆိုမှတော့ လူမှုကျင့်ဝတ်စည်းကမ်းတွေကိုလိုက်နာပြီး လူပီသအောင် ပြုမူ၊ ပြောဆို၊ နေထိုင်၊ လုပ်ဆောင်သွားရမယ်ဆိုတာ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်နိုင်ငံက လူမျိုးမဆို အတူတူပဲ ဖြစ်ပါတယ်။ ဒီနေ့ ကျင့်သုံးနေတဲ့ လူမှုသိပ္ပံပညာအရလည်း ပြဿနာတစ်ရပ် ဖြစ်ပေါ်လာခဲ့ရင် ဖြေရှင်းရမယ့် အဆင့်လေးဆင့် ရှိပါတယ်။ (၁) Define the Problem- ပြဿနာကို သိအောင်လုပ်ပါ။ (၂) Generate the Possible Solutions- ဖြေရှင်းနိုင်မယ့် နည်းလမ်းများကို ရှာဖွေပါ။(၃) Evaluate and Select the Solution- ပြဿနာကို လုံးဝချုပ်ငြိမ်းသွားနိုင်မယ့် နည်းလမ်းကို ဖော်ထုတ်ရွေးချယ်ပါ။ (၄) Implement and Monitor the Solution- ၎င်းနည်းလမ်းအတိုင်း လိုက်နာအကောင်အထည်ဖော်ပြီး ပေါ်ထွက်လာမယ့် ရလဒ်ကို စောင့်ကြည့်ပါဆိုတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် မိမိရဲ့နေ့စဉ်ဘဝကို မဂ္ဂင်ရှစ်ပါးတရားတော်ဆိုတဲ့ နည်းလမ်းအတိုင်း နေထိုင်သွားကြည့်ဖို့ အကြံပြုနေခြင်းပဲ ဖြစ်ပါတယ်။

## ကံ၊ ကံ၏ အကျိုး

မြတ်ဗုဒ္ဓက ဘဝတစ်ခုဖြစ်ပေါ်လာခြင်းဆိုတာ အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့အလုပ်ဆိုတဲ့ ကံနဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မိစ္ဆရိယဆိုတဲ့ ကိလေသာစိတ်တွေနဲ့ ပြုလုပ်ချိန်မှာ ထားရှိတဲ့ စေတနာကပေးလိုက်တဲ့ အကျိုးတရားဖြစ်တာနဲ့အညီ သံသရာနဲ့လက်ရှိဘဝမှာ မိမိပြုလုပ်ခဲ့တဲ့ ကမ္မ (Kamma)ဆိုတဲ့ အလုပ်ကပေးတဲ့ အကျိုးတရား (Cause and Effect )ကြောင့်လို့ ဟောကြားခဲ့တယ်။ ကံရဲ့ သဘောသဘာဝအရ အချို့ကံက ထုတ်လုပ်ပေးမှုမျိုးဆိုတဲ့ အကျိုးပေးတဲ့ကံ။ သူ့ကြောင့် ဘဝတစ်ခု အစပြုပြီးနောက် မသေခင်အထိ ဆက်လက်ဖြစ်ပေါ်နေစေတယ်။ အဲဒီမှာ ကုသိုလ်ကံနဲ့ အကုသိုလ်ကံပါဝင်ပြီး ကောင်းတဲ့ အကျိုးနဲ့ မကောင်းတဲ့အကျိုးကို ဖြစ်စေတယ်။ တချို့ကံကတော့ အကျိုးကို မထုတ်လုပ်ဘူး၊ ထောက်ပံ့ကူညီပေးတာမျိုး၊ နောက်တစ်ခုက မထောက်ပံ့ဘဲ ဒုက္ခတွေ လိုက်ပေးတာမျိုးလည်းရှိသလို ကြားဖြတ်၊ ဖြတ်တောက်လိုက်တာမျိုးလည်းရှိလို့ သာမန်လူပုဂ္ဂိုလ်တစ်ဦးအနေနဲ့ အလွယ်တကူ မသိနိုင်ပါ။ နောက်ပြီး ကံဆိုတာ သူ့အချိန်နဲ့သူ အကျိုးပေးပြီး ဆိုင်ရာဆိုင်ရာ အကျိုးကိုသာပေးတော့ ဘဝတစ်ခုအတွက်ပဲ ခံစားခွင့်ရှိတာမျိုး၊ နောက်ဘဝမှာမှ ခံစားခွင့်ရှိတာမျိုး ရှိနိုင်သလို ခံစားခွင့်ရမယ့်ဘဝမှာတောင် အခြားသောအကြောင်းတွေရဲ့ အကူအညီမရလို့ အကျိုးပေးခွင့်မကြုံလိုက်ဘဲ အဟောသိကံဖြစ်သွားတာမျိုးလည်း ရှိနိုင်တယ်လို့ ဆရာတော်ကြီးက ဟောကြားခဲ့ဖူးပါတယ်။

ဒ့ါအပြင် ပြုလုပ်ချိန်မှာ ဖြစ်ပေါ်တဲ့ စေတနာကြောင့်လည်း ကံ၊ ကံရဲ့ အကျိုးဆက်ပမာဏ ပြောင်းလဲမှုရှိနိုင်တယ်လို့ တရားတော်များမှာ နာယူခဲ့ဖူးပါတယ်။ ဆရာတော်ကြီးရဲ့ “နိဗ္ဗာန်တံခါးကြီးဖွင့်တော်မူပါ” စာအုပ်ကို ဖတ်ကြည့်စေလိုပါတယ်။ ဗုဒ္ဓတရားတော်များ အားလုံးကိုတော့ ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ ဟောကြားမှုများပေါ်မှသာ အတိမ်းအစောင်းလုံးဝမခံဘဲ ရေးသားတင်ပြထားပါတယ်။ ကျွန်တော်ကတော့ လောကီနေ့စဉ် နေထိုင်မှုဘဝပုံစံမှာ မဂ္ဂင်ရှစ်ပါးတရားတော်အတိုင်း ကြိုးစားနေထိုင်နိုင်ခဲ့ရင် ကုသိုလ်တရားမပွားများနိုင်ခဲ့ရင်တောင်မှ အကုသိုလ် မဖြစ်ဘူး။ စိတ်အေးချမ်းသာစွာနဲ့ လက်ရှိဘဝကို အေးငြိမ်းစွာဖြတ်သန်းသွားလိုရေးအတွက်သာ ဦးတည်ရေးသားနေခြင်းဖြစ်ပြီး သံသရာခရီးသည်တစ်ဦးအတွက် အတိုင်းအတာတစ်ရပ်အထိ အထောက်အပံ့ရရှိခဲ့ရင် ကျေနပ်ပြီဖြစ်ပါတယ်။ သံသရာနဲ့ ကံ၊ ကံရဲ့ အကျိုးကို မယုံကြည်ရင်လည်း လက်ရှိဘဝအတွက်တော့ လုပ်ကိုလုပ်ရမယ့်အရာတွေဆိုတာတော့ အားလုံး သဘောပေါက်ကြမှာပါ။

## မဂ္ဂင်ရှစ်ပါးတရားတော်

ဗုဒ္ဓမြတ်စွာဟာ ဘုရားအဖြစ်သို့ ရောက်လျှင်ရောက်ချင်း ဓမ္မစကြာတရား ဟောကြားခဲ့ရာမှာ နိဗ္ဗာန်သွားရာလမ်းဖြစ်တဲ့ မဂ္ဂင်ရှစ်ပါးတရားတော်ကို ဟောကြားခဲ့ပါတယ်။ မဂ္ဂင်ရှစ်ပါးကို ရှုဉာဏ်တရား ငါးပါးနဲ့ သီလမဂ္ဂင်သုံးပါးဆိုပြီး အုပ်စုနှစ်စုခွဲသလို ပညာအုပ်စု၊ သမာဓိအုပ်စုနဲ့ သီလအုပ်စုဆိုပြီး သုံးစုခွဲထားတာလည်း ရှိပါတယ်။ အဲဒီအထဲမှာ အခြေခံအကျဆုံးနဲ့ ပထမဆုံးဖြစ်တဲ့ သမ္မာဒိဋ္ဌိ မှန်ကန်စွာရှုမြင်တတ်ရေး သို့မဟုတ် နားလည်တတ်ရေး(Right View/Right Understanding ) ဖြစ်နိုင်ဖို့အတွက် မှန်ကန်စွာတွေးတောဆင်ခြင်ခြင်း(Right Thought) ဟာ အလွန်အရေးကြီးတယ်လို့ ပါမောက္ခချုပ် ဆရာတော်ကြီးရဲ့ တရားတော်မှာ နာယူခဲ့ဖူးပါတယ်။ လူမှာ စိတ်ဟာ လွန်စွာအရေးပါပြီး မိမိရဲ့ ပြောဆို၊ ပြုမူ၊ နေထိုင်လုပ်ဆောင်မှုအားလုံးအပေါ် စိတ်က ဦးဆောင် လုပ်ဆောင်နေခြင်း ဖြစ်တာကြောင့် အတွေးမှန်၊ အသိမှန်မှသာ မှန်ကန်စွာပြောဆို၊ ပြုမူမှု လုပ်ဆောင်နိုင်မှာဖြစ်ကြောင်း နာယူခဲ့ရပါတယ်။ လူများဟာ မိမိနေ့စဉ် နေထိုင်လုပ်ဆောင်နေတဲ့ လူမှုနဲ့လုပ်ငန်းခွင်ဝန်းကျင်ထဲမှာပင် သမ္မာဝါစာ ကောင်းစွာပြောဆိုခြင်း(Right Speech)၊ သမ္မာကမ္မန္တ ကောင်းစွာလုပ်ဆောင်ခြင်း (Right Action) နဲ့ သမ္မာအာဇီဝ ကောင်းစွာ အသက်မွေးဝမ်းကျောင်းပြုခြင်း (Right Livelihood)ဆိုတဲ့ သီလမဂ္ဂင်တရားနဲ့ ညီညွတ်အောင် နေထိုင်ခြင်းမျိုးနဲ့ လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရရှိခံစားနိုင်တယ်လို့ နာယူခဲ့ရပါတယ်။

သီလမဂ္ဂင်ကို ခါးဝတ်ပုဆိုးလို လိုက်နာကျင့်ကြံနေထိုင်သူဟာ Right View နဲ့ Right Thought ရရှိစေနိုင်တယ်လို့လည်း မြတ်စွာဘုရားကိုယ်တိုင် ဟောကြားခဲ့ဖူးတယ်လို့ ဆရာတော်ကြီးရဲ့ တရားတော်တွေမှာ နာယူခဲ့ရဖူးပါတယ်။ လူတွေရဲ့အခြေခံသဘောဟာ ကိုယ်ကျင့်သီလကောင်းနေရမှာကို သိပြီး အဲဒီသီလ မကျိုးပေါက်အောင် နေထိုင်သွားခြင်းဆိုတဲ့ မှန်ကန်သောအမြင် ရရှိစေနိုင်ခြင်းမျိုးဖြစ်ပါတယ်။ ကိုယ်ကျင့်သီလနဲ့ ပြည့်စုံနေသူတစ်ဦးဟာ မိမိရဲ့ ကိုယ်ကျင့်သီလကို အကြောင်းပြုပြီး စိတ်ကကြည်နူးလာတယ်။ ကြည်နူးမှုကို အကြောင်းပြုပြီး ဝမ်းသာတယ်။ ဝမ်းသာမှုကို အကြောင်းပြုပြီး ပီတိ ဖြစ်တယ်။ ပီတိကို အကြောင်းပြုပြီး ပဿဒ္ဓိ ကိုယ်စိတ်ငြိမ်းချမ်းတယ်။ ကိုယ်စိတ်ငြိမ်းချမ်းရင် သုခဆိုတဲ့ချမ်းသာမှုဆိုတာ ဖြစ်လာတယ်။ ချမ်းသာမှု ဖြစ်လာရင် သမာဓိဆိုတဲ့ စိတ်တည်ငြိမ်မှုဟာ လွယ်လွယ်လေးနဲ့ ရလာတယ်။ စိတ်တည်ငြိမ်မှု ရလိုက်တာနဲ့ ယထာဘူတဉာဏဒဿန မှန်မှန်ကန်ကန် သိတယ်ဆိုတဲ့အသိဉာဏ်ဟာ ဝင်လာတယ်။ သီလမစင်ကြယ်ဘူးဆိုရင် အဲဒါတွေ ဆုံးရှုံးနိုင်တယ်ပေါ့။ ဒါကြောင့်မို့ သီလဝါ သီလရှိပါစေဆိုပြီး ဆရာတော်ကြီးက မိန့်မှာခဲ့ပါတယ်။

မိမိရဲ့ နေ့စဉ်ဘဝမှာ ဝစီဒုစရိုက်တွေဖြစ်တဲ့ “လိမ်တာ၊ တစ်ဦးနဲ့တစ်ဦး မတည့်အောင် လုပ်တာ၊

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ရိုင်းပြတဲ့ စကားပြောတာ၊ အကျိုးမဲ့တဲ့စကားပြောတာ။ ကာယဒုစရိုက်တွေဖြစ်တဲ့ "သူများအသက်ကို သတ်တာ၊ သူများပစ္စည်းဥစ္စာကို ခိုးတာ၊ သူများသားမယားကို ပြစ်မှားတာ။" မနောကံဒုစရိုက်တွေဖြစ်တဲ့ "အဘိဈ္ဈာ (လွန်ကဲစွာအလိုရှိခြင်း)၊ ဗျာပါဒ(ပျက်စီးစေရန်ကြံစည်ခြင်း)နဲ့ မိစ္ဆာဒိဋ္ဌိ(အယူမှားခြင်း)"စတဲ့ ဒုစရိုက်မှု ၁၀ မျိုးကို မလုပ်မိအောင် ကြိုးစားနေဖို့ လိုအပ်ပါတယ်။ အဲဒီ ၁၀ မျိုးမှာပဲ "ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ" ဆိုတဲ့လေးမျိုးနဲ့ ပြွန်းသွားခဲ့ရင် စုစုပေါင်းမျိုး၄၀ အထိ ဖြစ်သွားမှာ ဖြစ်တယ်လို့လည်း နာယူခဲ့ဖူးပါတယ်။

အဲဒီလို လုပ်ဆောင်ပြုမူမိသွားခဲ့ရင် မိမိဟာ သမ္မာဝါစာ (Right Speech) မဂ္ဂင်နဲ့ သမ္မာကမ္မန္တ (Right Action) မဂ္ဂင်ပျက်စီးသွားပြီဆိုတာ သတိပြုမိဖို့ လိုအပ်ပါတယ်။ အဲဒီ ဒုစရိုက်မှုမျိုးများနဲ့ ငွေကြေးရယူခဲ့ရင်တော့ မိစ္ဆာအာဇီဝနဲ့ အသက်မွေးမိသလို ဖြစ်သွားမှာပါ။ မြတ်ဗုဒ္ဓကတော့ အထက်မှာဖော်ပြထားတဲ့ အကုသိုလ်တရား ၁၀ ပါးကို လုပ်ဆောင်ရင် အကုသိုလ်ခံစားရမယ်၊ အဲဒီ ၁၀ ပါးကို ရှောင်ကြဉ်နိုင်ခဲ့ရင်တော့ အကျိုးတရားဖြစ်ထွန်းမယ်လို့ ဟောကြားခဲ့ပါတယ်။ အဲဒီထဲက ကာယကံနဲ့ ဝစီကံ ကျူးလွန်မှုများအားလုံးနီးပါးကို ကမ္ဘာပေါ်ရှိ ကိုးကွယ်ယုံကြည်လက်ခံထားတဲ့ ဘာသာတရား အသီးသီးကလည်း တားမြစ်ထားတဲ့ အဆုံးအမများ ဖြစ်သလို လောကဓမ္မအနေနဲ့လည်း ကျူးလွန်ဖောက်ဖျက်သူအပေါ် အရေးယူနိုင်ဖို့ တားမြစ်ချက်နဲ့ ပြစ်ဒဏ်တွေကို ဥပဒေနဲ့အညီ ပြဋ္ဌာန်းထားရှိပါတယ်။ ဒီလိုအရေးယူတဲ့အခါမှာလည်း "ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ" ဆိုတဲ့ လေးမျိုးနဲ့ လိုက်လျောညီထွေမှုရှိတဲ့ အပြစ်ပေးအရေးယူခြင်းသာမက ပြစ်မှုကျူးလွန်ချိန်မှာ ထားရှိတဲ့ စိတ်ဆန္ဒ (စေတနာ) အပေါ်လိုက်ပြီး ပြစ်ဒဏ်ချမှတ်ခြင်းမျိုး ဖြစ်လို့ မြတ်ဗုဒ္ဓရဲ့အဆုံးအမနဲ့ သွေဖည်မှု သိပ်မရှိကြောင်း တွေ့ရှိရပါတယ်။

မနောကံဒုစရိုက်တွေဖြစ်တဲ့ "အဘိဈ္ဈာ(လွန်ကဲစွာ အလိုရှိခြင်း)၊ ဗျာပါဒ (ပျက်စီးစေရန် ကြံစည်ခြင်း) နဲ့ မိစ္ဆာဒိဋ္ဌိ(အယူမှားခြင်း)" သုံးမျိုးအနက် လွန်ကဲစွာအလိုရှိခဲ့ရင် ကာယကံနဲ့ ဝစီကံဒုစရိုက်တွေပြုလုပ်ဖို့ တိုက်တွန်းအားပေးသကဲ့သို့ ဖြစ်နေပြီး သူတစ်ပါးပျက်စီးစေရန် ကြံစည်ခြင်းဟာလည်း အခန့်မသင့်ရင် လောကဥပဒေအရ အရေးယူခြင်း ခံရဖွယ် ရှိပါတယ်။ မိစ္ဆာဒိဋ္ဌိ (အယူမှားခြင်း)နဲ့ စပ်လျဉ်းပြီး မြတ်ဗုဒ္ဓကတော့ ဘယ်လိုကိုးကွယ်ယုံကြည်မှုမျိုးဖြစ်တယ်ဆိုတာ အတိအကျ အမိပ္ပာယ်ဖွင့်ဆိုမှု မပြုခဲ့သလို သူဟောကြားတဲ့ တရားတော်များအပေါ်မှာလည်း အတင်းအကျပ် ယုံကြည်လိုက်နာရမယ်လို့လည်း ပညတ်ထားခြင်း မရှိခဲ့ပါ။ မြတ်စွာဘုရားဟာ မစဉ်းစားဘဲ လက်ခံတာကို သဘောမကျဘူး၊ ဝိမံသကသုတ်မှာ ဘုရားက "မင်းတို့စူးစမ်းကြ၊ လေ့လာကြ၊ ငါပြောတဲ့အတိုင်း ငါ့ကိုမယုံကြနဲ့၊ကျေနပ်လောက်စရာရှိလား၊ ကျေနပ်လောက်မှလက်ခံ" အဲဒီလို ဟောကြားခဲ့ပါတယ်။

ဗုဒ္ဓခေတ်က အိန္ဒိယနိုင်ငံမှာတောင် အယူဝါဒ ဂိုဏ်းကြီးခြောက်ဂိုဏ်း ရှိခဲ့ပြီး ဂျိန်းဘာသာက လက်ရှိအချိန်အထိလည်း အားကောင်းနေဆဲ၊ အချို့သော မြန်မာဗုဒ္ဓဘာသာဝင်တွေတောင် အမြင် လွဲရာမှ အလေ့အကျင့်လွဲနေဆဲ ဖြစ်ပါတယ်။ ဒါပေမယ့် အထက်ကဖော်ပြထားတဲ့ ကုသိုလ်တရား ၁၀ ပါးကို လုပ်ဆောင်ရင် အကျိုးတရားဖြစ်ထွန်းမယ်။ အဲဒါနဲ့ဆန့်ကျင်ဘက် ၁၀ ပါးကို လုပ်ဆောင်ရင် အကုသိုလ်ခံစားရမယ်လို့ ဟောကြားခဲ့ခြင်းအပေါ် ဗီလာဆန့်ကျင်တဲ့ အယူဝါဒမျိုး ကိုင်စွဲထားရှိသူများကသာ "မိစ္ဆာဒိဋ္ဌိ (အယူမှားခြင်း)" ဖြစ်မယ်လို့ ကိုယ်ပိုင်အသိနဲ့ ဆင်ခြင်သုံးသပ်မိပါတယ်။

သီလမဂ္ဂင်စောင့်ထိန်းရမယ့် ၁၀ မျိုးထဲမှာ "သူရာမေရယ"မပါဝင်ပါ။ ဒါပေမယ့် ထိုအရာကိုမှီဝဲသုံးစွဲထားသူအနေနဲ့ "အကုသိုလ် ဖြစ်စေနိုင်မှု အလွန်လွယ်ကူ၊ ကုသိုလ်ဖြစ်စေနိုင်မှု အလွန်နည်းပါးမယ်" ဆိုတာကို ချင့်ချိန်စဉ်းစားတတ်သူ အားလုံးသိရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ အခြေခံအကျဆုံးနဲ့ နေ့စဉ်စောင့်ထိန်းရမယ့် ငါးပါးသီလထဲမှာ "သူရာမေရယမဇ္ဇပမာဒဋ္ဌာနာ"ဆိုတာကို ထည့်သွင်းသတ်မှတ်ပေးခဲ့ပါတယ်။ အသေးစိတ်ဆိုရရင် သေရည်သေရက်သာမက စိတ်ကို ညစ်နွမ်းစေမယ့် အမှားအမှန် ဝေဖန်ပိုင်းဖြတ်မှုအပေါ် ထိခိုက်မှု (Impact) ဖြစ်စေမယ့် မူးယစ်ထုံထိုင်းစေတတ်တဲ့ အရာအားလုံးကို နေ့စဉ်ဘဝမှာ ရှောင်ရှားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကျန်တဲ့အရာတွေက ကျွန်တော်တို့နိုင်ငံမှာသာမက အချို့သောကမ္ဘာ့နိုင်ငံများမှာပါ လောကဓမ္မအနေနဲ့ပင် မသုံးစွဲဖို့ ဥပဒေအရ တားမြစ်ချက်နဲ့ ပြစ်ဒဏ်ရှိပေမယ့် အရက်ကိုတော့ ထုတ်လုပ်၊ သောက်သုံး၊ ရောင်းဝယ်ဖြန့်ဖြူးခွင့် တရားဝင်ခွင့်ပြုထားပါတယ်။

အစ္စလာမ္မစ်နိုင်ငံတွေမှာတော့ လုံးဝလက်မခံပါ။ အခြားမူးယစ်ဆေးဝါးများနဲ့ ပတ်သက်လို့ ကတော့ "တစ်ကျောင်းတစ်ဂါထာ" ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံမှာဆိုရင် ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြစ်တာနဲ့အညီ ပြည်နယ်အလိုက်တောင် တူညီခြင်းမရှိပါ။ ထိုင်းနိုင်ငံမှာ ဆေးခြောက်ကို တရားဝင်သုံးစွဲခွင့် ပြဋ္ဌာန်းပေးလိုက်ပါတယ်။ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့တဲ့ အစ္စရေးနိုင်ငံမှာ Medical Cannabis ဆိုပြီး ဆရာဝန်ဆေးလက်မှတ်နဲ့ ဝယ်ယူသုံးစွဲခွင့် ရှိပါတယ်။ အချို့သော ကင်ဆာဝေဒနာရှင်များက သူတို့ခံစားနေရတဲ့ ဝေဒနာ သက်သာစေဖို့အတွက် သုံးစွဲချင်ကြတယ်လို့ ကြားသိရပါတယ်။ သို့သော်ငြားလည်း ကင်ဆာအထူးကုဆရာဝန်တွေရဲ့ အကြံပြုချက်ကတော့ ၎င်းဆေးဝါးတွေဟာ အမှန်တကယ်ရောဂါ သက်သာပျောက်ကင်းစေနိုင်မှုအတွက် တိုက်ရိုက် အကျိုးသက်ရောက်စေခြင်းမျိုး မဟုတ်ဘဲ ဝေဒနာသက်သာသလိုမျိုး ဖြစ်ပေါ်စေတဲ့ စိတ်ကိုလှည့်ဖြားမှုသာဖြစ်တယ်လို့ မှတ်ချက်ပေးပြီး မသုံးစွဲစေကြပါဘူး။

အထက်မှာဖော်ပြခဲ့တဲ့ ဒုစရိုက်အပြုအမူတွေနဲ့ ဆန့်ကျင်တဲ့၊ ကောင်းမွန်တဲ့ အလုပ်တွေကို ကိုယ်တိုင်လုပ်ဆောင်ရမယ်။ မဟုတ်ရင်တောင်မှ "တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ" ဖြစ်နေဖို့တော့ လိုအပ်မှာဖြစ်တယ်လို့ ပါမောက္ခချုပ်ဆရာတော်ကြီးရဲ့ တရားတော်များမှာ နာယူရဖူးပါတယ်။ နောက်တစ်ခါ ကောင်းတာကို မလုပ်နိုင်ခဲ့ရင်တောင်မှ မကောင်းမှန်းသိနေတဲ့ အရာတွေကို မလုပ်မိစေဖို့ အနည်းဆုံးတော့ "ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ" ဆိုတဲ့ လေးမျိုးအတိုင်း နေ့စဉ်ပြောဆို၊ ပြုမူ၊ ကျင့်ကြံ၊ နေထိုင်သွားနိုင်ဖို့ အားထုတ်လုပ်ဆောင်နေခြင်းမျိုးဟာ လူသားတစ်ဦးအနေနဲ့ လူ့အသိုင်းအဝိုင်းထဲမှာ ပုံမှန်နေထိုင်နေရင်းနဲ့ပင် သီလမဂ္ဂင်တရားများနဲ့ ညီညွတ်တဲ့ ကိုယ်ကျင့်သီလ မပျက်ယွင်းအောင် ကြိုးစားပြီး ပြုမူနေထိုင် လုပ်ကိုင်ခြင်းမျိုးဟာ သမ္မာဝါယာမ (Right Effort) မဂ္ဂင်ကို ကျင့်သုံးစောင့်ထိန်းနေတာပဲ ဖြစ်တယ်လို့ နာယူမှတ်သားမိပါတယ်။

အဲဒီလို ကျင့်သုံးဆောက်တည်နိုင်အောင် အမြဲမပြတ် မိမိကိုယ်ကို သတိပေးနေခြင်း၊ သတိရှိရှိနဲ့ နေထိုင်ခြင်းဟာ သမ္မာသတိ (Right Mindfulness) မဂ္ဂင်ကို ကျင့်သုံးစောင့်ထိန်းနေတာပဲ ဖြစ်တယ်လို့ နာယူမှတ်သား မိပါတယ်။ အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ ကောင်းမွန်၊ မှန်ကန်တဲ့ "အပြောအဆို၊ အပြုအမူ၊ အလုပ်အကိုင်" ဆိုတဲ့ သီလမဂ္ဂင် ကျိုးပေါက်မသွားအောင်၊ တိမ်းစောင်းသွားခြင်း မရှိအောင် အမြဲဂရုတစိုက် ထိန်းသိမ်းလုပ်ဆောင်နေမှာ ဖြစ်တဲ့အပြင်၊ တကယ်လို့ သူ့ရဲ့သီလကို ညစ်နွမ်းစေနိုင်တဲ့ အာရုံမျိုး မတော်တဆ ဝင်လာခဲ့ရင်တောင်မှ ချက်ချင်း သတိကပ်ပြီး ဖယ်ရှားရှင်းလင်းနိုင်မှာ ဖြစ်ပါတယ်။ ဒါဟာ သမ္မာသတိလို့ခေါ်တဲ့ Right Mindfulness မဂ္ဂင်ကို ကျင့်သုံးပြီး နေထိုင်နေတာဖြစ်လို့ အဲဒီလို ပုဂ္ဂိုလ်မျိုးဟာ ကုသိုလ်တရား မပွားများနိုင်တောင်မှ အကုသိုလ်တွေကိုတော့ သေချာပေါက် ရှောင်လွှဲနိုင်မှာ ဖြစ်ပါတယ်။ လူတစ်ယောက်ဟာ စိတ်မတည်ငြိမ်ဘူး၊ ဂနာမငြိမ်ဘူးဆိုရင်လည်း အောင်မြင်မှုမရနိုင်လို့ စိတ်တည်ငြိမ်မှုဟာ အလွန်အရေးကြီးတယ်၊ တရားအားထုတ်မှ သမာဓိလိုတာမဟုတ်။ ဘယ်လို အလုပ်မျိုးပဲလုပ်လုပ် စိတ်တည်ငြိမ်မှု၊ သမာဓိရှိရမှာ ဖြစ်တယ်။

စိတ်တည်ငြိမ်မှုမရှိရင် ဘယ်လိုကိစ္စမျိုးမှ အောင်မြင်မှာ မဟုတ်ဘူး။ သမာဓိဆိုတာ အာရုံတစ်ခုတည်းပေါ်မှာ စိတ်တည်ငြိမ်နေတာမျိုးကို ခေါ်တာဖြစ်တယ်။ စိတ်ပျံ့လွင့်နေတာမျိုး မဖြစ်စေဖို့ အရေးကြီးလို့ စိတ်တည်ငြိမ်ပြီး သမာဓိရှိမှုသာ မိမိလုပ်ဆောင်နေတဲ့ လုပ်ငန်းကိစ္စအဝဝ အောင်မြင်မှာ ဖြစ်တယ်လို့ ဟောကြားခဲ့ပါတယ်။ ဒါဟာ မှန်ကန်သော စိတ်တည်ငြိမ်မှုရှိခြင်း၊ သမ္မာသမာဓိ (Right Concentration) မဂ္ဂင်ကို လိုက်နာကျင့်သုံးနေတာပဲ ဖြစ်တယ်လို့ နာယူမှတ်သားမိပါတယ်။

**စိတ်ဖြူစင်အောင်ထား၊ သူများအတွက်ပါ ကောင်းအောင်လုပ်**

ဒီနေရာမှာလည်း သမာဓိထူထောင်နိုင်ဖို့ သမထနဲ့ဝိပဿနာတရားတွေ မပြတ်အားထုတ်နေရမယ်လို့လည်း မြတ်ဗုဒ္ဓက အတင်းအကျပ် တိုက်တွန်းထားခြင်းမပြုခဲ့ပါ။ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ မိမိဘာလုပ်ရမယ်ဆိုတာကို စဉ်းစားပြီး လုပ်ကိုင်နေခြင်းဟာ မှန်ကန်တယ်လို့ ထင်ကြောင်း ဆရာတော်ကြီးက မိန့်မှာခဲ့ပါတယ်။ မိမိရဲ့သန္တာန်မှာ စိတ်ဘယ်လောက်ဖြူစင်နေပြီလဲ ဆိုတာက ပိုပြီး အရေးကြီးတယ်လို့ မိန့်ကြားခဲ့ဖူးပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားက စိတ္တာနုပဿနာ ဆိုပြီး ကိုယ့်စိတ်ကလေးကို အမြဲတမ်းရှုနေပါ။ သိမှုကို ဆင်ခြင်သုံးသပ်ခြင်း (Contemplation of Consciousness)၊ အတွေးအာရုံ/ စိတ်ကို ဆင်ခြင်သုံးသပ်ခြင်း (Contemplation of Mind) တို့ကို အချိန်တိုင်း လုပ်ဆောင်နေကြဖို့ ဟောကြားခဲ့ပါတယ်။ ကိုယ့်စိတ်ထဲမှာ ရာဂတွေဖြစ်နေလား၊ ဒေါသတွေဖြစ်နေသလား သိပြီးတော့ ရာဂဖြစ်ရင် မဖြစ်အောင် ကြိုးစားဖို့၊ ဒေါသဖြစ်ရင်လည်း မဖြစ်အောင် ကြိုးစားဖို့ဆိုတာ ပိုပြီး အဓိကကျပါတယ်လို့ ဆရာတော်ကြီးရဲ့ မိန့်ကြားခဲ့မှုအပေါ် နာယူမှတ်သားခဲ့ဖူးပါတယ်။ ဗုဒ္ဓခေတ်တုန်းက ထေရီကာဆိုတဲ့ အမျိုးသမီးလေးတစ်ဦးဟာ အိမ်မှုလုပ်ငန်းလုပ်နေရင်းကနေပြီး ဘုရားတရားတော် သွားနာယူတယ်။ သေချာ မှတ်သားနာယူတယ်။ နေ့စဉ်မှတ်တဲ့ ကမ္မဋ္ဌာန်းကို မှတ်တယ်။ ဟင်းရွက်ကြော်နေရင်းကပင် ဖြစ်ပျက်နေတဲ့ သဘောတရားကို ရှုမြင်နိုင်ခဲ့လို့ တရားထူးရသွားတယ်လို့ ဆရာတော်ကြီးရဲ့ တရားမှာ နာယူဖူးခဲ့လို့ နေ့စဉ်ဘဝထဲမှာ နေထိုင်လုပ်ကိုင်နေရင်းနဲ့ပင် နိဗ္ဗာန်သွားတဲ့လမ်းကို ရှုမြင်နိုင်မှုအပေါ် အသိတရားရယူနိုင်မှာ ဖြစ်ပါတယ်။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တိုင်းဟာ ဘယ်အလုပ်မျိုးကိုမဆို လုပ်ဆောင်ရတော့မယ်ဆိုရင် ဓမ္မမျက်စိလေးနဲ့ပါ ရှုမြင်တတ်ဖို့ လိုအပ်တယ်လို့လည်း ဆရာတော်ကြီးက သတိပေးခဲ့ပါသေးတယ်။ ဥပမာအားဖြင့် ကုန်သည်ပွဲစား စီးပွားရေး လုပ်ငန်းရှင်တစ်ဦးအနေနဲ့ ရောင်းဝယ်ဖောက်ကားမှုပြုခြင်းအပေါ် မိမိတစ်ဦးတည်း အမြတ်အစွန်းရရှိစေမှုအတွက်သာ ရေးရှုတာမျိုးမဟုတ်ဘဲ တစ်ဖက်သားအတွက်လည်း အကျိုးရှိစေတဲ့ Win-Win စိတ်ထားမျိုး ထားရှိစေခြင်းမျိုး ဖြစ်ပါတယ်။ ဒီအပြင် မိမိရဲ့ ပြုလုပ်ဆောင်ရွက်မှုအပေါ်ထားရှိတဲ့ စေတနာက ပြဋ္ဌာန်းတဲ့ အကျိုးရလဒ်ကိုသာ ရရှိခံစားရမှုနဲ့ စပ်လျဉ်းပြီး တံငါသည်အလုပ်နဲ့ တစ်သက်လုံး အသက်မွေးဝမ်းကျောင်း ပြုခဲ့သူတစ်ဦးရဲ့ ဘဝနောက်ဆုံးနိဂုံးမှာ အာရုံပြုမှန်ခဲ့ရာမှ ရရှိသွားခဲ့တဲ့ အကျိုးရလဒ်။ နှစ်ပေါင်း ၅၀ ကျော် ရာဇဝတ်သားတွေကို သေဒဏ်စီရင်ပေးရတဲ့ ပါးကွက်သားလုပ်ငန်းနဲ့ အသက်မွေးရသူမျိုးတောင်မှ သူတစ်ပါးရဲ့အသက်ကို သေစေလိုတဲ့ စိတ်ဆန္ဒနဲ့သတ်ခဲ့တာ မဟုတ်တဲ့အတွက်ကြောင့် နောက်ဆုံးရရှိခဲ့တဲ့ အကျိုးရလဒ်၊ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးအတွက် လိုအပ်ချက်ရှိလို့ အမိန့်ပေးစေခိုင်းရတဲ့ ပြည့်ရှင်မင်းမြတ်အနေနဲ့လည်းထားရှိတဲ့ စိတ်ထားပေါ် မူတည်ပြီးမှ သူရရှိခံစားရမယ့် အကျိုးရလဒ်တွေကို တရားတော်များမှာ နာယူမှတ်သားခဲ့ရခြင်းများကြောင့် ဘဝတစ်ခုရလာတဲ့အခါမှာ နံပါတ်တစ်အနေနဲ့ ကိုယ့်စိတ်စင်ကြယ်အောင် ထားဖို့နဲ့ စိတ်ဖြူစင်အောင်ထားဖို့ဟာ အရေးကြီးဆုံး ဖြစ်ပါတယ်။ နောက်တစ်ချက်အနေနဲ့ လူတိုင်းလူတိုင်းဟာ မိမိတစ်ဦးတည်း နေတာမဟုတ်ဘဲ လူ့အဖွဲ့အစည်းနဲ့ နေရတာဖြစ်တာနဲ့အညီ ကိုယ့်အတွက် ကောင်းနေရုံမျှသာမကဘဲ သူများအတွက်ပါ ကောင်းအောင်လုပ်ဖို့က ဒုတိယအချက်ဖြစ်တယ်လို့ ပါမောက္ခချုပ်ဆရာတော်ကြီးက ဩဝါဒပေးခဲ့တာကို နာယူမှတ်သားခဲ့ရပါတယ်။

ဒါကြောင့်မို့ လူပုဂ္ဂိုလ်တစ်ဦးချင်း တစ်ယောက်တိုင်းဟာ မိမိရဲ့နေ့စဉ်ဘဝကို မဂ္ဂင်ရှစ်ပါးတရားတော်အတိုင်း မတိမ်းမစောင်း လျှောက်လှမ်းနိုင်မယ်ဆိုပါက မိမိရဲ့ ပြောဆို၊ ပြုမူ၊ နေထိုင်၊ လုပ်ဆောင်နေမှု အားလုံးဟာ တစ်ပါးသူအပေါ် ထိခိုက်နစ်နာစေနိုင်မှုမျိုးကိုလည်း ရှောင်လွှဲပြီးဖြစ်တာနဲ့အညီ လက်ရှိဘဝမှာ မိမိကိုယ်တိုင်အတွက် ငြိမ်းအေးမှု ခံစားရရှိနိုင်မှာဖြစ်သလို သံသရာခရီးအတွက်လည်း စိုးရိမ်ကြောင့်ကြရမှု လျော့ပါးစေနိုင်မှာ ဖြစ်ပါကြောင်း...။ ။

# ပုဏ္ဏားကျွန်းမြို့နယ်၌ မြစိမ်းရောင်ကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေး

ပုဏ္ဏားကျွန်း ဧပြီ ၁၉

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အချိန်အခါမရွေး ထောင့်စုံဘက်စုံမှ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း သိရသည်။

ထိုသို့ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်လျက်ရှိရာတွင် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဧပြီ ၁၈ ရက်က ပုဏ္ဏာကျွန်းမြို့နယ် ကျေးလက်ဦးစီးမှူး ဦးပုချေ (လက်ထောက်ညွှန်ကြားရေးမှူး)က မြစိမ်းရောင်စီမံကိန်းကျေးရွာများမှ ကျေးရွာကော်မတီဝင်ပေါင်း ၇၂ ဦး တက်ရောက်ကြပြီး မြစိမ်းရောင်စီမံကိန်းကျေးရွာများ၏ အရင်း/အတိုးငွေများကို သတ်မှတ်ကာလ အချိန်မီ ပေးသွင်းနိုင်ရေးနှင့် အတိုးငွေများကို ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဆောင်ရွက်ကြရန်နှင့် ကျေးရွာရှိ အသင်းသူအသင်းသားများနှင့် ကော်မတီဝင်များ စည်းလုံးညီညွတ်မှု ရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မိမိတို့ကျေးရွာ၌ ပိုမို၍ ကြိုးစားဆောင်ရွက်ကြရန် မြို့နယ်ဦးစီးမှူးက ကျေးလက်ဦးစီးဌာန၌ စီမံကိန်းကျေးရွာ ၃၆ ရွာအတွင်း ရန်ပုံငွေများ ပုံမှန်လည်ပတ်နိုင်ရေးနှင့် မိမိတို့ ကျေးရွာအတွင်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အောင်လှဖြူ(ရမ်းဗြဲ)

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် မေ ၁ ရက်မှ ၁၈ ရက်အထိ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၇၃ ဒသမ ၇၇၈ သန်း ဆောင်ရွက်နိုင်ခဲ့

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် မေ ၁၈ ရက်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၀ ဒသမ ၁၉၃ သန်း၊ သွင်းကုန်တန်ဖိုးကန်ဒေါ်လာ ၁ ဒသမ ၅၄၉ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၇၄၂ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးအမှန်တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ကဏန်း ၁၁ ဒသမ ၆ တန်၊ သခွားမွေး ၁၆၄ ဒသမ ၅ တန်၊ ဖရဲသီး ၃၄၉ တန်၊ ငရုတ်သီးခြောက် ၁၆ ဒသမ ၃ တန်၊ ငရုတ်သီးစို ၅၂ ဒသမ ၅ တန်၊ ငါးရှဉ့် ၃ ဒသမ ၆၄ တန်၊ ကြက်သွန်နီ ၃၃ တန်၊ သရက်သီး ၁၅ တန်၊ ဖရုံသီး ၁၆ ဒသမ ၅ တန်တို့ ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ LED တီဗွီ၊ အိမ်ရိုက်သံ၊ ဘိလပ်မြေကုန်ကြမ်း (ဓာတုမှုန့်)၊ ကြမ်းခင်းကြွေပြား၊ လိမ္မော်သီး၊ အပူခံသံပြား၊ စက်ပတ်ကြိုး၊ အတွင်းခံအင်္ကျီ၊ ကော်ရည်တို့ဖြစ်သည်။

မေ ၁ ရက်မှ ၁၈ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၂၉၆ သန်း၊ သွင်းကုန်တန်ဖိုးအမေရိကန်ဒေါ်လာ ၄၈ ဒသမ ၄၈၂ သန်း၊ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၇၇၈ သန်း ဆောင်ရွက်နိုင်ခဲ့သည်။ MACCS စနစ်အရ ငွေလဲနှုန်းတစ်ယွမ်လျှင် ၃၀၅ ဒသမ ၂၅၄ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။



## မောင်တောကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ



မောင်တော ကုန်သွယ်ရေးစခန်းအနေဖြင့် မေ ၁ ရက်မှ ၁၈ ရက်အတွင်း ပို့ကုန် ၀ ဒသမ ၂၆၅ ဒေါ်လာသန်း၊ သွင်းကုန် ၀ ဒသမ ၀၀၇ ဒေါ်လာသန်းနှင့် ကုန်သွယ်မှုပမာဏ ၀ ဒသမ ၂၇၂ ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။

မောင်တော ကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ လယ်ယာထွက်ကုန်ပစ္စည်းများ၊ ရေထွက်ကုန်ပစ္စည်းများနှင့် စက်မှုကုန်ချောပစ္စည်းများကို အဓိကတင်ပို့လျက်ရှိပြီး မေ ၁၄ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းမှ ကွမ်းသီး၊ အုန်းသီး၊ ဆီးသီးခြောက်၊ ချင်း(အစို)၊ သရက်သီး၊ မရမ်းသီး၊ ရေထွက်ပစ္စည်းမှ ငါးမြစ်ချင်း၊ ငါးစုံလေးခြောက်၊ ငါးသလောက်၊ စက်မှုကုန်ချောပစ္စည်းမှ လူကြီးစီးဖိနပ်၊ မုန့်ဖတ်ခြောက်၊ သနပ်ခါးခဲ၊ ဆီးယိုထုပ် တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်အနေဖြင့် ပလတ်စတစ်ရေတိုင်ကီ၊ ပလတ်စတစ်ပိုက်၊ အလူမီနီယမ် ရေကရားတို့ တင်သွင်းခဲ့သည်။

ငွေလဲနှုန်းအနေဖြင့် မေ ၁၉ ရက်တွင် ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၈၁၃ ကျပ်၊ ၁၁၂ ဒသမ ၅ တာကာ၊ ၁၀၀ ကျပ်လျှင် ၄ ဒသမ ၀၀ တာကာ၊ ၁ တာကာလျှင် ၂၅ ကျပ်ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

## တောင်ငူမြို့နယ်၌ နွေစပါးများ အောင်မြင်ဖြစ်ထွန်း

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင် “နိုင်ငံ့စီးပွားမြှင့်တင်ဖို့၊ ဆန်စပါးဖြင့် ကြိုးပမ်းစို့” ဟူသည့် ဆောင်ပုဒ်နှင့်အညီ နွေစပါးများ စိုက်ပျိုးထားရှိကြောင်း၊ ၂၀၂၂ - ၂၀၂၃ ခုနှစ်တွင် မိုးစပါး၊ မတ်ပဲ၊ နွေစပါး စသည့် သီးနှံများကို သုံးသီးစားစနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ တောင်ငူမြို့နယ်သည် အရှေ့ရှမ်းရိုးမပေါ်ရှိ ပသိဆည်၊ တောင်ခြေတွင် ကရင်ချောင်းဆည်၊ ကမ်းနီဆည်၊ စစ်တောင်းမြစ်၊ အနောက်ရိုးမတောင်ပေါ်တွင် ခပေါင်းဆည်တို့ ရှိနေခြင်းကြောင့် နွေစပါးစိုက်ပျိုးမှုအတွက် လုံလောက်စွာ ရေပေးဝေထားနိုင်ကြောင်း သိရသည်။

စိုက်ပျိုးမှုအနေဖြင့် ပသိဆည်ရေသောက် ၁၅၁၁ ဧက၊ ကမ်းနီဆည်ရေသောက် ဧက ၁၂၂၀ ၊ ကရင်ချောင်း ဆည်ရေသောက် ၆၁၆ ဧက၊ ခပေါင်းဆည်ရေသောက် ၁၀၇၉၂ ဧက၊ ရွာတန်းရှည် လျှပ်စစ်မြစ်ရေတင်စီမံကိန်း ဧက ၆၀၀ ၊ သဖန်းပင်ဆိုလာစနစ်မြစ်ရေတင်စီမံကိန်း ဧက ၂၀၀ ၊ ပဲချက်ဆိုလာစနစ် ဆည်ရေတင်စီမံကိန်း ဧက ၁၅၀ ၊ ချောင်းပိတ်/တာတမံပိတ် ၅၁၃ ဧကနှင့် အင်းအိုင် ၁၀၇၁ ဧက စုစုပေါင်း ၁၇၈၉၁ ဧကကို အောင်မြင်စွာ စိုက်ပျိုးထားရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

စပါးမျိုးအနေဖြင့် နှံကောက်၊ နယူးရော၊ ဆင်းသုခ၊ ရက် ၉၀ စပါးများကို အများဆုံးစိုက်ပျိုးထားရှိပြီး စပါးရေသွင်းစိုက်ပျိုးချိန်တွင် ဆည်ရေလုံလောက်စွာရရှိကြောင်း၊ နိုင်ငံ့စီးပွားရေးမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးသည့် တောင်သူလယ်သမားများအား လယ်တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုများကို ထုတ်ပေးသည့်အတွက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း၊ နွေစပါးများကို ဇန်နဝါရီလလယ်တွင် စတင်စိုက်ပျိုးထားပြီး မေလကုန်တွင် ရိတ်သိမ်းရမည်ဖြစ်ကာ လက်ရှိအချိန်တွင် နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။**DOCA (ပဲခူး)**



## ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိက တင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်၊ သီဟိုဠ်စေ့၊ ဆီအုန်းဖြစ်သည်။

မေ ၁ ရက်မှ ၁၈ ရက်အထိ ပို့ကုန်တန်ချိန် ၉၀၄ တန်၊ သွင်းကုန်တန်ချိန် ၅၃၈ တန်တို့ဖြစ်သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ပဂဲ၊ ကဏန်းချေးပုံးနှင့် ဆီအုန်းစေ့တို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပီလောပီနံမှုန့်၊ ဆား၊ ဒီဇယ်၊ ဓာတ်ဆီ၊ ဆော်ဒါမှုန့်၊ ဆိုဒီယမ် ကာဗွန်နိတ်၊ ကျောက်ချဉ်၊ ထုံးမှုန့်နှင့် ဆိုးဆေးမှုန့်တို့ဖြစ်ကြောင်း သိရသည်။

မေ ၁၉ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၂၀၅ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၃ ကျပ်ခန့်ဖြစ်သဖြင့် ယခင်နေ့ထက် ၀ ဒသမ ၂ ကျပ်ခန့် မြင့်တက်သွားသည်။ စက်သုံးဆီဈေးနှုန်းများအနေဖြင့် ဓာတ်ဆီ တစ်ဂါလန်လျှင် ကျပ် ၁၁၂၅၀၊ ဒီဇယ်တစ်ဂါလန်လျှင် ကျပ် ၁၁၇၀၀ ခန့်ဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရသည်။

## “Busan International Seafood & Fisheries Expo 2023” သို့ မြန်မာနိုင်ငံမှ လုပ်ငန်းများပါဝင်ပြသရန် ဖိတ်ကြား

ကိုရီးယားသမ္မတနိုင်ငံ ဘူဆန်မြို့ရှိ BEXCO ၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၃ ရက်အတွင်း ကျင်းပပြုလုပ်မည့် Busan International Seafood & Fisheries Expo 2023” သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ပြသနိုင်ကြောင်း ဖိတ်ကြားလာပါသည်။

ပြပွဲ၌ ပါဝင်ပြသမည့်သူများပါက ပြခန်းနှစ်ခန်းအား အခမဲ့ ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ပြပွဲ၌ ပါဝင်ပြသခြင်းအားဖြင့် စီးပွားရေးလုပ်ငန်းများအချင်းချင်း ချိတ်ဆက်တွေ့ဆုံမှုများ၊ လုပ်ငန်းချင်းပေါင်းစပ်မှု တွေ့ဆုံပွဲများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်နိုင်မည်ဖြစ်ကာ လုပ်ငန်းရှင်များအနေဖြင့် စီးပွားရေး အကျိုးအမြတ်များနှင့် နည်းပညာများ ဖလှယ်နိုင်မည်ဖြစ်သည်။

ပြပွဲသို့ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ခင်းကျင်းပြသမည့် ကုမ္ပဏီနှင့် အဖွဲ့အစည်းပေါင်း ၄၂၀ ကျော်က ပြခန်းပေါင်း ၁၀၀၀၀ ဝန်းကျင်ခန့် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲသို့ ပါဝင်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ သို့ ဆက်သွယ်၍ ချိတ်ဆက်ပြသနိုင်ကြောင်း သိရသည်။

## ပေါက်ခေါင်းမြို့ မုန်လာဥနီ အရောင်းအဝယ်ဖြစ်

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်တွင် မုန်လာဥနီများ စိုက်ပျိုးထားရှိကြောင်း၊ မုန်လာဥနီကို စက်တင်ဘာလတွင် စိုက်ပျိုးပြီး ဒီဇင်ဘာလတွင် စတင်ထွက်ရှိကြောင်း၊ မုန်လာဥနီအပင်သည် နှစ်နှစ်ခံ အပင်မျိုးဖြစ်၍ နှစ်ရာသီအသက်ရှင်နေသော အပင်တစ်မျိုးဖြစ်ပြီး စိုက်ပျိုးရာတွင် မျိုးစေ့ကိုသာစိုက်ပျိုးကြောင်း သိရသည်။

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၄၃၂၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် ပိဿာချိန် ၁၀၀၀ ခန့်ထွက်ရှိပြီး ဈေးနှုန်းဈေးကွက်အနေဖြင့် တစ်ပိဿာလျှင် ငွေကျပ်(၂၅၀၀-၃၀၀၀)အထိ အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ပေါက်ခေါင်းဒေသမှ ထွက်ရှိသော မုန်လာဥနီများကို ဒေသတွင်းဈေးများနှင့် ပေါင်းတလည်နှင့် ပြည်မြို့ဈေးများသို့ တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ကျပ်သိန်း ၂၀ ခန့်ရရှိကြောင်း သိရသည်။ **DOCA(ပဲခူး)**



သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ပထမရက်သတ္တပတ်အတွင်း တရုတ် - လာအိုရထားလမ်းမှ နယ်စပ်ဖြတ်ကျော် ခရီးသည်တင်ရထားပြေးဆွဲမှု ၂၅၉၇ ကြိမ်ရှိခဲ့

**ကူမင်း မေ ၁၉**

တရုတ်-လာအိုရထားလမ်းသည် မေ ၁၃ ရက်က နယ်စပ်ဖြတ်ကျော် ခရီးသည်တင် ရထားပြေးဆွဲမှု စတင်ပြီးနောက် ပထမ ရက်သတ္တပတ်အတွင်း နယ်စပ်ဖြတ်ကျော် ခရီးသည်တင်ရထားပြေးဆွဲမှုပေါင်း ၂၅၉၇ ကြိမ် ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ကြောင်း မိုဟန်နယ်စပ် ဝင်/ထွက် စစ်ဆေးရေးဂိတ်က ပြောသည်။



တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ထွက်ခွာမည့် ခရီးသည်တင် ရထားတစ်စင်းကို မေ ၁၃ ရက်က တွေ့ရစဉ်။

အဆိုပါကာလအတွင်းတရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်ရှိ တရုတ်နယ်စပ်ဂိတ် မိုဟန်သည် အထွက်ခရီးစဉ်ပေါင်း ၁၁၅၄ ခုနှင့် အဝင်ခရီးစဉ်ပေါင်း ၁၄၄၃ ခုကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ လာအိုနိုင်ငံမှ တရုတ်နိုင်ငံသို့ ရထားဖြင့် ခရီးသွားခြင်းသည် လွန်ခဲ့သည့် သုံးနှစ်က ငှင်းသွားခဲ့သော အဝေးပြေးလမ်း ခရီးစဉ်နှင့် နှိုင်းယှဉ်ကြည့်ပါက အလွန်အဆင်ပြေကြောင်းနှင့် ၎င်းက ခရီးသွားကြာချိန်ကို သက်သာစေပြီး လမ်းကြောင်းတစ်လျှောက် ရှုခင်းများကို ကြည့်ရှုခံစားနိုင်ကြောင်း ယူနန်ပြည်နယ်၏ မြို့တော် ကူမင်းတွင် စာသင်ကြားရန် လာရောက်သော လာအိုနိုင်ငံမှ ကျောင်းသားတစ်ဦးဖြစ်သူ ဆေခမ်ပါ ဒါအိုဖာဆောက်ခ်က ပြောသည်။

မိုဟန်စစ်ဆေးရေးဂိတ်သည် အနာဂတ်တွင် ခရီးသည်များအား ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် နယ်စပ်ဝင်ပေါက်နှင့် ထွက်ပေါက်ထိန်းချုပ်ရေး အစီအမံများကို ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရုတ် – လာအိုရထားလမ်းသည် ၁၀၃၅ ကီလိုမီတာ ရှည်လျားပြီး တရုတ်နိုင်ငံ ကူမင်းမြို့နှင့် လာအိုနိုင်ငံ ဗီယင်ကျန်းတို့သို့ ဆက်သွယ်ထားသည်။

**ဆင်ဟွာ**

# ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် ကြီးမားသော မြေပြိုမှုဖြစ်ပွား၊ လူ သုံးဦးသေဆုံး

**အစ္စလမ္မာဘတ် မေ ၁၉**

ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ကြီးမားသော မြေပြိုမှုတစ်ခုက အဓိကအရေးပါသော အဝေးပြေးလမ်းတစ်ခုကို မေ ၁၈ ရက် အစောပိုင်းက ပိတ်ဆို့မှုဖြစ်စေခဲ့ပြီးနောက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။



အဆိုပါ ဖြစ်စဉ်ကြောင့် ကုန်တင်ကား ဒါဇင်ကျော် မြေများ ဖုံးလွှမ်းသွားခဲ့ပြီး လူ သုံးဦး သေဆုံးခဲ့သည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်အကြား အဓိကအရေးပါသော ကုန်သွယ်ရေးလမ်းပေါ်ရှိ တော့ခ်ခန် နယ်စပ်ဖြတ်ကျော်နေရာ၌ ဖြစ်ပွားခဲ့သော အဆိုပါ မြေပြိုမှုတွင် အသက်ရှင်ကျန်ရစ်သူများကို ကယ်ဆယ်ရေးသမားများက ရှာဖွေလျက်ရှိသည်။

အဆိုပါ မြေပြိုမှုကြောင့် လူအမြောက်အမြား ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

မြေပြိုမှုသည် မေ ၁၈ ရက် ဒေသစံတော်ချိန် နံနက် နှစ်နာရီက ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကုန်တင်ကားမောင်းသမားတစ်ဦးက ပြောသည်။ မြေပြိုမှုဖြစ်ပွားချိန်၌ မိုးရွာသွန်းလျက်ရှိသည်။ ကုန်အပြည့် တင်ထားသော ကုန်တင်ကားများနှင့် မော်တော်ယာဉ်များပေါ်တွင် လူများ ကျန်ရှိသေးကြောင်း ၎င်းက ဆက်ပြောသည်။

မြေပြိုမှုက သဘာဝဘေးအန္တရာယ် ဖြစ်ပွားရာနေရာသို့ သွားသော လမ်းမကြီးကိုလည်း ပိတ်မိစေခဲ့ကြောင်း ဒေသအာဏာပိုင်များက ပြောသည်။ ထို့ကြောင့် သွားလာမှု ခက်ခဲခြင်းများကို ဖြစ်ပေါ်စေကြောင်း ၎င်းတို့က ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံ၌ မသန်စွမ်းသူ ခုနစ်သန်းကျော်လာပြီး နိုင်ငံ့လူဦးရေ၏ ၇ ရာခိုင်နှုန်းခန့်ရှိ

**ဟနွိုင်း မေ ၁၉**

ဗီယက်နမ်နိုင်ငံ၌ မသန်စွမ်းသူ ခုနစ်သန်းကျော်ရှိပြီး အများစုမှာ လူလတ်ပိုင်း အရွယ်များဖြစ်ကာ ဆင်းရဲနွမ်းပါးကြကြောင်း မေ ၁၉ ရက်တွင် ဒေသတွင်း မီဒီယာ၏ ဖော်ပြချက်အရ သိရသည်။ အဆိုပါ ပမာဏသည် နိုင်ငံ့လူဦးရေ၏ ၇ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ထိုထဲမှ ၂၈ ဒသမ ၉ ရာခိုင်နှုန်းခန့်ဖြစ်သော မိသားစု ၃၄၂၃၂၉ စုမှာ ဆိုးရွားသော မသန်စွမ်းဖြစ်မှုကို ခံစားနေကြရသူများကြောင်းနှင့် တစ်ဦးတစ်ယောက်တည်း နေထိုင်သူများမှာ လက်ရှိတွင် လူမှုဖူလုံရေးစောင့်ရှောက်မှု ခံယူနေကြရကြောင်း ဗီယက်နမ်နယူးစ်သတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

မသန်စွမ်းသူ အများစုသည် လယ်ယာလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် ငါးဖမ်းလုပ်ငန်းကဏ္ဍများတွင် ၎င်းတို့၏ မိသားစုများနှင့်အတူ လုပ်ကိုင်လျက်ရှိကြောင်းနှင့် မသန်စွမ်း ၁ ဒသမ ၁ သန်းကျော်မှာ လစဉ်လူမှုဖူလုံရေး ထောက်ပံ့ကြေး လက်ခံရရှိကြကြောင်း အဆိုပါသတင်းစာ၏ ဖော်ပြချက်အရ သိရသည်။

နိုင်ငံတော် ဘတ်ဂျက်မှ ဗီယက်နမ်ဒေါင် ၂၈ ဒသမ ၇၃ ထရီလီယံကျော် (အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၂ ဘီလီယံ) ကို ပြီးခဲ့သည့်နှစ်က လူမှုဖူလုံရေး အကျိုးခံစားခွင့်အား ထောက်ပံ့ပေးနိုင်ရန်နှင့် နောက်ထပ် ဒေါင်ဘီလီယံ ၄၈၀ ကို ပညာရေးကဏ္ဍတွင် မသန်စွမ်းသော သူများအား ထောက်ပံ့ပေးနိုင်ရန် အတွက် လျာထား ဆောင်ရွက်ခဲ့ကြောင်း အလုပ်သမား၊ မသန်စွမ်းသူများနှင့် လူမှုရေးဝန်ကြီးဌာနမှ လူမှုကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဖန်သီဟိုင်ဟာ၏ ပြောကြားချက်အရ သိရသည်။

**ဆင်ဟွာ**

# အီရတ်နိုင်ငံမြောက်ပိုင်း၌ လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်လေးဦးသေဆုံး

**ဘဂ္ဂဒက် မေ ၁၉** – အီရတ်နိုင်ငံမြောက်ပိုင်းပြည်နယ် ကာကွတ်ရှိ အိုင်အက်စ်များ ခိုအောင်းရာနေရာကို အီရတ်တပ်ဖွဲ့များက လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အိုင်အက်စ်လေးဦး သေဆုံးခဲ့ကြောင်း အီရတ်စစ်ဘက်က ပြောကြားလိုက်သည်။ စုံစမ်းထောက်လှမ်းရေးများ၏ ပေးပို့သော အချက်များကို အခြေခံလျက် အီရတ်စစ်လေယာဉ်များသည် ဝါဒီအယ်လ်ရှေးဒေသ၏ အိုင်အက်စ်တပ်ဖွဲ့ဝင်များ ခိုအောင်းနိုင်ခြေရှိသည့် ခက်ခဲကြမ်းတမ်းသောနေရာများကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်။ လေကြောင်းတိုက်ခိုက်မှုကြောင့် အိုင်အက်စ်အကြမ်းဖက်လေးဦး သေဆုံးခဲ့ပြီး ၎င်းတို့ခိုအောင်းရာနေရာများ ပျက်စီးခဲ့သည်။

**ဆင်ဟွာ**

# လာမည့်သီတင်းပတ်အနည်းငယ်အတွင်း ကာတာနှင့် ယူအေအီးနိုင်ငံတို့ သံရုံးများ ပြန်လည်ဖွင့်လှစ်မည်

**ဒိုဟာ မေ ၁၉**

ကာတာနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) နိုင်ငံတို့သည် လာမည့်သီတင်းပတ်များအတွင်း သံရုံးများ အပြန်အလှန် ဖွင့်လှစ်သွားရန် အစီအစဉ်ရှိသည်ဟု ကာတာနိုင်ငံခြားရေးဝန်ကြီးဌာန က မေ ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မဂျက်ဘင် မိုဟာမက် အယ်အန်ဆာရီ က သီတင်းပတ်ကုန် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ယခုလို ကြေညာခဲ့ခြင်းဖြစ်သည်။ သံရုံးများ အပြန်အလှန် ပြန်ဖွင့်နိုင်ရေးအတွက် လုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်နိုင်ရန် နည်းပညာပိုင်းဆိုင်ရာ ကော်မတီနှင့် အစည်းအဝေးများပြုလုပ်ကာ တိုးတက်မှု ရလဒ်ကောင်းများ မြင်တွေ့နေရပြီဟု ၎င်းကပြောသည်။

သံရုံးများ ပြန်ဖွင့်နိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိပြီး လာမည့်သီတင်းပတ်များအတွင်း ပြန်ဖွင့်နိုင်ရန် မျှော်လင့်ထားသည်။

**ဆင်ဟွာ**

# မင်ဟက်တန်ရှိ လေးထပ်ယာဉ်ရပ်နားစခန်း တစ်စိတ်တစ်ပိုင်းပြိုကျ

**နယူးယောက် မေ ၁၉**

နယူးယောက်စီးတီးရှိ လေးထပ်ယာဉ်ရပ်နားစခန်း တစ်စိတ်တစ်ပိုင်း ပြိုကျမှုကြောင့် လူတစ်ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသမီးသတ်ဌာနက ပြောကြားခဲ့သည်။

အဆိုပါပြိုကျမှုသည် မင်ဟက်တန်စီးပွားရေးဒေသတွင် မေ ၁၈ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ မော်တော်ယာဉ်များ ရပ်နားထားသော ယာဉ်ရပ်နားစခန်း၏ ကြမ်းပြင်သည် မီးခိုးငွေ့များ ထွက်ပေါ်လျက် ပြိုကျခဲ့သည်ကို ဗီဒီယိုဖိုင်ထဲတွင် တွေ့မြင်နိုင်သည်။

မီးသတ်သမားများနှင့် အခြားကယ်ဆယ်ရေးလုပ်သားများသည် ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများတွင် ဒရုန်းယာဉ်များနှင့် စက်ရုပ်များကို အသုံးပြုခဲ့ကြသည်။ အဆိုပါယာဉ်ရပ်နားစခန်းသည် နောက်ထပ် ပြိုကျနိုင်ခြေရှိသောကြောင့် အဆိုပါအဆောက်အအုံနှင့် နီးစပ်သော နေရာရှိ ဒေသခံများကို သတိထားရန် ဒေသအာဏာပိုင်များက သတိပေးထားသည်။

**အင်န်အိတ်ချ်ကေ**




အပျက်အစီးများကြားမှ ကားများကို တွေ့ရစဉ်။

# ပေကျင်းဆေးရုံမီးလောင်မှု သေဆုံးသူ ၂၉ ဦးရှိလာ

**ပေကျင်း မေ ၁၉**

ပေကျင်းမြို့ ဖန်တိုင်ခရိုင်အတွင်းရှိ ဆေးရုံတစ်ရုံ၌ မေ ၁၈ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ၂၀ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု ကနဦးတွင် ခရိုင်မီးသတ်နှင့် ကယ်ဆယ်ရေးဌာနကပြောသည်။

ပေကျင်းချန်ဖန်းဆေးရုံတွင် မွန်းလွဲ ၁၂ နာရီ ၅၇ မိနစ်က မီးလောင်နေသည်ဟု မီးသတ်ဌာနသို့ ဖုန်းခေါ်ဆိုခဲ့သည်။ ထို့နောက် မွန်းလွဲ ၁ နာရီ ၃၃မိနစ်တွင် မီးလောင်မှုကို ငြိမ်းသတ်နိုင်ခဲ့သည်။ လူနာပေါင်း ၇၁ ဦးကိုလည်း ဘေးလွတ်ရာသို့ ကယ်တင်ပေးနိုင်ခဲ့သည်။ မေ ၁၉ ရက်က ပေကျင်းမြို့ မြူနီစီပယ် သတင်းအချက်အလက်ရုံးတွင် ဆေးရုံမီးလောင်မှုနှင့်ပတ်သက်၍ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ သေဆုံးသူဦးရေမှာ ၂၉ ဦးအထိ တိုးလာခဲ့သည်ဟု ကြေညာခဲ့သည်။ ဆေးရုံအကြီးအကဲအပါအဝင် လူ ၁၂ ဦးကို ဖမ်းဆီးထိန်းသိမ်းထားသည်ဟု သိရသည်။ **ဆင်ဟွာ**



# ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဟော်နန်း အသစ်ဆောက်လုပ်မှုနှင့် နောင်တုံကန်အတွင်း သဲ၊ နုန်းများ ဆယ်ယူမှုအခြေအနေများအား ကြည့်ရှု

နေပြည်တော် မေ ၁၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ကျိုင်းတုံဟော်နန်း အသစ်ဆောက်လုပ်နေမှု အခြေအနေများနှင့် နောင်တုံကန်အတွင်း သဲ၊ နုန်းများ ဆယ်ယူနေမှုအခြေအနေများအား ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုကြသည်။



**လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး**

ဦးစွာ ကျိုင်းတုံဟော်နန်းအသစ်အား တာဝန်ယူဆောက်လုပ်နေသည့် မင်းဒင်ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးက လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ(ယာပုံ) တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဟော်နန်းဆောက်လုပ်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ရှိ နောင်တုံကန်အတွင်းမှ သဲ၊ နုန်းများအား စက်ယန္တရားကြီးများဖြင့် စုပ်ယူမှုနှင့် နောင်တုံကန်အတွင်း သဲ၊ နုန်းများ စွန့်ပစ်နေရာတွင် သဲ၊ နုန်း ပါဝင်မှုအခြေအနေများအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာအသင်းယှဉ်ပြိုင်မည့် ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်

ရန်ကုန် မေ ၁၉

မြန်မာ့လက်ရွေးစင် အမျိုးသမီး အသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာအသင်းသည် ဖိလစ်ပိုင် အသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။



ဆီးဂိမ်း အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် ရှစ်သင်းသာ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု(က) တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှား၊ အုပ်စု(ခ)တွင် အိမ်ရှင်ကမ္ဘောဒီးယား၊ ထိုင်း၊ စင်ကာပူနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ ယခင်က အသင်းစုစုပေါင်း ကိုးသင်း ပါဝင်သော်လည်း အုပ်စု (က) တွင် ပါဝင်နေသည့် အင်ဒိုနီးရှားအသင်း နုတ်ထွက်သွားသဖြင့် ရှစ်သင်းသာ ကျန်ရှိတော့ခြင်းဖြစ်သည်။

အုပ်စုပွဲများကို မေ ၃၊ ၆၊ ၉ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အုပ်စု ကျပ်အတွင်း ကျရောက်နေသည့် မြန်မာအသင်းသည် အသင်းကြီး နှစ်သင်းနှင့် တွေ့ဆုံသည့်ပွဲများကို ပထမပွဲနှင့် ဒုတိယပွဲ စတင်ကစားရမည်ဖြစ်သောကြောင့် ဆီမီး ဖိုင်နယ်တက်ရောက်ရေး ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် လက်ရှိချန်ပီယံ ဗီယက်နမ်နှင့် တစ်အုပ်စုတည်း ကျရောက်နေသလို ယခုနှစ် အနည်းငယ်အတွင်း သိသိသာသာ တိုးတက်လာကာ ၂၀၂၂ ခုနှစ်တွင် ဆီးဂိမ်း ကြေးတံဆိပ်ဆု၊ အာဆီယံ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲ ချန်ပီယံဆု၊ ၂၀၂၃ အမျိုးသမီး ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ရထားသည့် ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသဖြင့် ရုန်းကန်ရဖွယ်ရှိနေသည်။

မြန်မာအသင်းသည် မေ ၃ ရက်တွင် ဖိလစ်ပိုင်အသင်း၊ မေ ၆ ရက်တွင် လက်ရှိချန်ပီယံ ဗီယက်နမ်အသင်း၊ မေ ၉ ရက်တွင် မလေးရှားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတစ်လျှောက် ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် ခုနစ်ခု ရရှိထားသည်။

ရဲရင့်လွင်

ဓာတ်ပုံ - သော်လေး

# အာရှဖလား ယူ-၁၇ ခြေစစ်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်း ကာဂျစ္စတန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၁၉



မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင် အမျိုးသမီးအသင်းသည် ၂၀၂၄ အာရှဖလား ယူ-၁၇ ပထမအဆင့် ခြေစစ်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မေ ၁၉ ရက် ညနေပိုင်းက ကာဂျစ္စတန်နိုင်ငံသို့ ထွက်ခွာခဲ့သည်။

မြန်မာလက်ရွေးစင် အမျိုးသမီး ယူ-၁၇ အသင်းတွင် အုပ်ချုပ်/နည်းပြ ရှစ်ဦး၊ ကစားသမား ၂၃ ဦး စုစုပေါင်း ၃၁ ဦး လိုက်ပါသွားသည်။ ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၇ အမျိုးသမီးအသင်းတွင် အုပ်ချုပ်သူ-ဒေါ်နွယ်နီဦး၊ နည်းပြချုပ် - ဦးသန်းဝေ၊ လက်ထောက်နည်းပြများ - ဒေါ်မာလာဝင်း၊ ဒေါ်သန်းသန်းထွေး၊ ဂိုးနည်းပြ - ဦးစိန်အေး၊ ကစားသမားများအဖြစ် ဂိုးသမား- သူဇာအောင်၊ အိတာယာ၊ ပန်းနုဝေ၊ နောက်တန်း - ယုယုနိုင်၊ မင်းမင်းနု၊ သဲအိလှိုင်၊ ယမင်းဖြူ၊ အလယ်တန်း - ကေသွယ်ဖြိုးဦး၊ မြတ်နိုးအောင်၊ ငြိမ်းငြိမ်းဖြိုး၊ ဝင်းစန္ဒာ၊ နှင်းဝေနှင်း၊ ခင်ဖုန်း၊ ဟန်နီမိုးလွင်၊ သွန်းဝတီ၊ ရှေ့တန်း- ဇခါရိုရ်စီ၊ ယုယနိုင်၊ သင်ဇာလင်း၊ နှင်းလတ်လတ်လှိုင်၊ ပန်းအိနွယ်၊ အကူးမွန်းရမ်၊ စုစုခင်နှင့် ရွှေပုံချစ် (YREO) တို့ ပါဝင်ကြသည်။

မြန်မာ ယူ-၁၇ အမျိုးသမီး အသင်းသည် ယင်းခြေစစ်ပွဲတွင် အုပ်စု(F)၌ ကျရောက်နေပြီး ကာဂျစ္စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ မေ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အိမ်ရှင် ကာဂျစ္စတန်၊ အိန္ဒိယအသင်းတို့နှင့် ကျရောက်နေပြီး အုပ်စုပွဲများအဖြစ် မေ ၂၄ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ကာဂျစ္စတန်အသင်း၊ မေ ၂၈ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် အိန္ဒိယအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၉

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

● *ကျော့ဖုံးမှ*

ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ တီမော၊ အုပ်စု (ခ) တွင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် လာအို အသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုလေးပွဲကို ကိုးရက်အတွင်း ကစားရမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် မေ ၂ ရက်တွင် တီမောအသင်း၊ မေ ၄ ရက်တွင် အင်ဒိုနီးရှားအသင်း၊ မေ ၇ ရက်တွင် အိမ်ရှင်ကမ္ဘောဒီးယားအသင်း၊ မေ ၁၀ ရက်တွင် ဖိလစ်ပိုင်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်ရရန် အင်ဒိုနီးရှား၊ အိမ်ရှင်ကမ္ဘောဒီးယားတို့နှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။ မြန်မာအသင်းသည် ပြီးခဲ့သည့် (၃၁) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ တီမောတို့နှင့် တစ်အုပ်စုတည်း ပြန်လည်ကျရောက်နေခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပြီးခဲ့သည့် အကြိမ်တွင် ဖိလစ်ပိုင်နှင့် တီမောကို အနိုင်ရကာ အင်ဒိုနီးရှားကို အရေးနိမ့်ခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့်မြန်မာ ယူ-၂၂ အသင်းကို နည်းပြချုပ်အဖြစ် ဂျာမနီနိုင်ငံသား ဖိုက်အွန်ဘိုင်နာက ကိုင်တွယ်လျက်ရှိပြီး ပြိုင်ပွဲအကြိုအဖြစ် ထိုင်းနိုင်ငံ၌ တစ်ပတ်ကျော်သွားရောက်လေ့ကျင့်ကာ ထိုင်းကလပ်အသင်းများနှင့် ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ ယူ-၂၂ အသင်းသည် ပဏာမကစားသမား ၂၇ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

❍ *ကျော့ဖုံးမှ*

ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင်လည်း ချယ်ဆီးအသင်းကို နှစ်ဂိုးပြတ် အနိုင်ရရှိထားသည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းသည် နှစ်ကျော့ပေါင်း ရလဒ် လေးဂိုးပြတ်ဖြင့် ချယ်ဆီးအသင်းကို အနိုင်ရရှိကာ ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။ စတန်းဖို့ဒ်ဘရစ်တွင် ချယ်ဆီးအသင်း၏ ကစားဟန် တိုးတက်မှုရှိခဲ့သော်လည်း အသင်းကစားသမားများ အဆုံးသတ် လိုအပ်ချက်ရှိနေသည့်အတွက် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။

အခြားသောပွဲစဉ်မှ နာပိုလီနှင့် အေစီမီလန်အသင်းတို့ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အေစီမီလန်အသင်း နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့သည်။ အဆိုပါပွဲစဉ်သို့ ပွဲကြည့်ပရိသတ် ၅၂ ၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ပြီး အေစီမီလန်အသင်းက ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်သာ ရရှိသည်အထိ ပုံစံကောင်းအချို့ ပျောက်ဆုံးခဲ့သော်လည်း နောက်တစ်ဆင့်တက်ရေးအတွက် အရေးပါသည့်ရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

ပွဲချိန် ၂၂ မိနစ်တွင် အေစီမီလန်အသင်း ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း အသင်းတိုက်စစ်ကစားသမား ဂျီရုဒ် အဆုံးသတ်ကန်သွင်းရာ လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ပွဲချိန် ၄၃ မိနစ်တွင် အေစီမီလန် အသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး လီယို၏ ဖန်တီးမှုကို ဂျီရုဒ်က ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သည်။

ထို့နောက် ပွဲချိန် ၈၂ မိနစ် တွင် နာပိုလီအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး ကေဗာရာခီလီယာ ကန်သွင်းခဲ့သော်လည်း လွဲချော်ခဲ့သည်။ နာပိုလီအသင်းအတွက် ချေပဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် အသင်းအဓိက တိုက်စစ်ကစားသမားတစ်ဦးဖြစ်သူ အိုစင်မန်က သွင်းယူပေးခဲ့သည်။

အောင်ဇော်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၄-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၅ | ၂၁၉၅ | ၂၁၈၀ | ၂၁၆၀ | ၂၂၆၀ | ၂၂၇၅ | ၂၁၆၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၅ | ၂၄၄၅ | ၂၈၁၀ |
| 95 Ron | ၂၂၂၀ | ၂၂၇၀ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၉၀ | ၂၂၇၅ | ၂၂၅၀ | ၂၃၅၀ | ၂၃၆၅ | ၂၂၆၀ | ၂၂၇၅ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၃၀ | ၂၀၈၀ | ၂၀၇၅ | ၂၀၄၀ | ၂၀၈၀ | ၂၁၀၀ | ၂၁၀၀ | ၂၀၆၅ | ၂၁၈၅ | ၂၁၈၀ | ၂၀၇၀ | ၂၀၈၅ | ၂၁၁၅ | ၂၁၂၀ | ၂၁၂၀ | ၂၃၅၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၁၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၄၅ | ၂၂၆၅ | ၂၂၆၀ | ၂၁၅၀ | ၂၁၆၅ | ၂၁၉၅ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၁၀ | ၂၁၆၀ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၄၅ | ၂၂၆၅ | ၂၂၆၀ | ၂၁၅၀ | ၂၁၆၅ | ၂၁၉၅ | ၂၂၀၀ | ၂၂၀၀ | ၂၄၃၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၈ | ၂၀၉၂ |
| 95 Ron | ၂၁၀၇ | ၂၁၈၃ |
| HSD (500 ppm) | ၁၉၃၀ | ၁၉၉၈ |
| HSD (50 ppm) | ၂၀၀၄ | ၂၀၇၃ |
| HSD (10 ppm) | ၂၀၀၄ | ၂၀၇၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉ ဦး တွေ့ရှိ

### ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁)ရာခိုင်နှုန်းရှိ

**(၁၉-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၂,၄၈၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁)ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၉) ဦးအနက် (၂၄) ဦး၊ (၆၁.၅) ရာခိုင်နှုန်းမှာ ပြည်ပမှ ဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၁၅) ဦး၊ (၃၈.၅) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

**ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ**
**(၁၉-၄-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ်(ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၂၄) ဦး | (၆၁.၅) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၁၅) ဦး | (၃၈.၅) % |
| **စုစုပေါင်း** | **(၃၉) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၄၆,၇၁၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၄,၂၁၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၄၉) ဦးရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၈-၄-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၉၁,၉၃၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၈,၇၈၇) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၁၈-၄-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၉၁,၉၃၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၈,၇၈၇ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အမှတ်တံဆိပ် အမျိုးအစားများ၊ စွမ်းရည်များနှင့် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ

*ဦးကျော်ကျော် (တရားရေး)*

ကုန်အမှတ်တံဆိပ်များကို အကာအကွယ်ပေးခြင်း၏ ရည်ရွယ်ချက်များမှာ လုပ်ငန်းရှင်များ၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအမှတ်တံဆိပ်များကို အသုံးပြုသူများ၏ လုပ်ငန်းအပေါ် အများ၏ ယုံကြည်မှုကို ထိန်းသိမ်းပေးခြင်း၊ ကုန်အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းဖြင့် ပြည်တွင်း ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုး တိုးတက်လာစေခြင်း၊ ကုန်ပစ္စည်းဝယ်ယူသူနှင့် စားသုံးသူတို့၏အကျိုးကို အကာအကွယ်ပေးခြင်း တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဉာဏပစ္စည်းမူပိုင်ခွင့်များ အကာအကွယ်ပေးရန် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ တို့ ပြဋ္ဌာန်းပြီးဖြစ်သည်။ ၂၀၁၉ ခုနှစ် ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၃ ဖြင့် ပြဋ္ဌာန်းခဲ့သည့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေသည် ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် စတင်အာဏာတည်ခဲ့ပြီး ဖြစ်သည်။

မူပိုင်ခွင့်အကာအကွယ်ပေးသည့် စနစ်သစ်တွင် ပေါ်ပေါက်လာမည့် မူပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်မည့် မူပိုင်ခွင့်တရားရုံးများသည်လည်း ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ကို တရားစီရင်ရေးကဏ္ဍအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်သည်။

**မူပိုင်ခွင့် (Intellectual Property Rights)** ဆိုသည်မှာ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ပြုလုပ်သော တီထွင်ဖန်တီးမှုများကို အကာအကွယ်ပေးရန် ဥပဒေအရပေးအပ်သည့် အခွင့်အရေးကိုဆိုသည်။ ယင်းစကားရပ်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်၊ တီထွင်မှုမူပိုင်ခွင့်၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်နှင့် အခြားသောမူပိုင်ခွင့် အမျိုးအစားများလည်း ပါဝင်သည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဈ))**

**အမှတ်တံဆိပ်ပိုင်ရှင်**ဆိုသည်မှာ ဦးစီးဌာန၏ မှတ်ပုံတင်စာရင်းတွင် မှတ်ပုံတင်အမှတ် တံဆိပ်ပိုင်ရှင်အဖြစ် အသိအမှတ်ပြုမှတ်တမ်းတင်ခြင်း ခံရသည့်ပုဂ္ဂိုလ် သို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဒ))**

**အခွင့်အရေးရရှိသူ**ဆိုသည်မှာ အမှတ်တံဆိပ်ပိုင်ရှင်၊ ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်၊ ဒေသဆိုင်ရာအညွှန်းပိုင်ရှင်၊ ကုန်သွယ်မှုအမည်ပိုင်ရှင်၊ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးကို လွှဲပြောင်းပေးခြင်းခံရသူ သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်း ခံရသူအဖြစ် မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးရရှိသည့် လူပုဂ္ဂိုလ်တစ်ဦးဦးသို့မဟုတ် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုခုကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဓ))**

**ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေအရ အကာအကွယ်ပေးထားသော အမှတ်တံဆိပ်များ**

**အမှတ်တံဆိပ်**ဆိုသည်မှာ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းတစ်ခုကို အခြားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ခွဲခြားသိရှိစေနိုင်သော ကိုယ်ပိုင်အမည်နာမများ၊ အက္ခရာများ၊ ကိန်းဂဏန်းများ၊ ပုံဖော်ထားသောအစိတ်အပိုင်းများ၊ အရောင်အသွေးပေါင်းစပ်မှုတို့အပါအဝင် မျက်စိဖြင့်မြင်တွေ့နိုင်သော အမှတ်အသား တစ်ခုခုကိုသော်လည်းကောင်း၊ ယင်းအမှတ်အသားတစ်ခုနှင့် တစ်ခုပေါင်းစပ်ထားသည့် အမှတ်အသား တစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။ ယင်းစကားရပ်တွင် ကုန်အမှတ်တံဆိပ်၊ ဝန်ဆောင်မှုအမှတ်တံဆိပ်၊ စုပေါင်းပိုင်အမှတ်တံဆိပ်နှင့် အသိအမှတ်ပြုအမှတ်တံဆိပ်တို့လည်း ပါဝင်သည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ည))**

**ကုန်အမှတ်တံဆိပ်**ဆိုသည်မှာ ကုန်သွယ်မှု လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ကုန်ပစ္စည်းများကို အခြားသောလုပ်ငန်းများ၏ ကုန်ပစ္စည်းများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဋ))**

**ဝန်ဆောင်မှုအမှတ်တံဆိပ်**ဆိုသည်မှာ ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းတစ်ခု၏ ဝန်ဆောင်မှုများကို အခြားသောလုပ်ငန်းများ၏ ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်တစ်ခုခုကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဌ))**

> **"အမှတ်တံဆိပ်ပိုင်ရှင်သည် သီးသန့်အခွင့်အရေးအဖြစ် ယင်း၏သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင် အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေပါက ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။ မှတ်ပုံတင်ထားသော အမှတ် တံဆိပ်မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများကို ချိုးဖောက်သူအား ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ နှစ်ရပ်လုံးအရဖြစ်စေ တရားစွဲဆိုခွင့်ရှိ"**

**စုပေါင်းပိုင်အမှတ်တံဆိပ်**ဆိုသည်မှာ စက်မှုလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများသို့မဟုတ် ကုန်သည်များဖြင့်စုစည်းထားသော အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် လူမှုစီးပွားရေးအဖွဲ့အစည်းများ သို့မဟုတ် သမဝါယမအသင်းကဲ့သို့ စုပေါင်းဖွဲ့စည်းထားသော အဖွဲ့အစည်းက ပိုင်ဆိုင်သည့် အမှတ်တံဆိပ်တစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် အဆိုပါ အဖွဲ့အစည်း၏ အဖွဲ့ဝင်များပိုင်ဆိုင်သည့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများကို အခြားသောကုန်ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုများမှ ခွဲခြားသိရှိစေနိုင်သော အမှတ်တံဆိပ်လည်း ပါဝင်သည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဍ))**

**အသိအမှတ်ပြုအမှတ်တံဆိပ်** ဆိုသည်မှာ အမှတ်တံဆိပ်တစ်ခု၏ ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏မူရင်းဒေသ၊ အရည်အသွေး၊ အမျိုးအစားနှင့် အခြားထူးခြားသော အချက်အလက်များနှင့် စပ်လျဉ်း၍ အမှတ်တံဆိပ်ပိုင်ရှင်က ယင်း၏ ထိန်းချုပ်မှုဖြင့် အသုံးပြုခွင့်ရှိကြောင်း အသိအမှတ်ပြုသည့် အမှတ်တံဆိပ် တစ်ခုခုကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၂(ဎ))**

**ဒေသဆိုင်ရာအညွှန်း**ဆိုသည်မှာ မူရင်းဒေသကို အထူးဖော်ညွှန်းသော အရည်အသွေး၊ ထင်ပေါ်ကျော်ကြားမှုသို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများပါရှိသည့် ကုန်ပစ္စည်း ထွက်ရှိရာနိုင်ငံ၊ နယ်မြေသို့မဟုတ် ဒေသမှ မူလထွက်ရှိသော ကုန်ပစ္စည်းဖြစ်ကြောင်း ညွှန်းပြချက် တစ်ခုခုကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေပုဒ်မ ၂(ဏ))**

**ကျော်ကြားသောအမှတ်တံဆိပ်** ဆိုသည်မှာ သတ်မှတ်ထားသောစံနှင့်အညီ နိုင်ငံတော်တွင် လူသိများပြီးကျော်ကြားသော အမှတ်တံဆိပ်တစ်ခုခု ကိုဆိုသည်။ **(ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ဥပဒေ ပုဒ်မ ၂(တ))**

**ကုန်သွယ်မှုအမည်** ဆိုသည်မှာ ကုန်သွယ်မှု လုပ်ငန်းတစ်ရပ်နှင့်တစ်ရပ် ခွဲခြားသိရှိနိုင်ရန် ဖော်ပြသော အမည် သို့မဟုတ် သတ်မှတ်ချက်ကို ဆိုသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ ပုဒ်မ ၂(ထ))**

**ကုန်အမှတ်တံဆိပ်၏စွမ်းရည်များ**

ကုန်အမှတ်တံဆိပ်သည် လက်တွေ့အရောင်း အဝယ်ပြုလုပ်ရာတွင် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများကို ကွဲပြားမှုရှိစေရန် အသုံးချသည့်အရာဟု ယေဘူယျသဘောသိထားကြသော်လည်း အမှန်တကယ်တွင်မူ ကုန်အမှတ်တံဆိပ်၏ လုပ်ဆောင်ချက်အနေဖြင့် -

(၁) ပစ္စည်း၏ထုတ်လုပ်ရာကို ဖော်ပြသော စွမ်းရည်

(၂) ပစ္စည်း၏ အရည်အသွေးကို အာမခံနိုင်သော စွမ်းရည်

(၃) ကြော်ငြာစွမ်းရည်များလည်း ရှိကြသည်။

**(၁) ပစ္စည်းထုတ်လုပ်ရာကိုဖော်ပြသောစွမ်းရည်**

**ပစ္စည်းထုတ်လုပ်ရာကို ဖော်ပြသောစွမ်းရည်** ဆိုသည်မှာ ထပ်တူအမှတ်တံဆိပ်ကို အသုံးပြုထားသော ကုန်ပစ္စည်း၊ ဝန်ဆောင်မှုသည် အမြဲတစေ သက်ဆိုင်ရာ ထုတ်လုပ်သူ၊ ရောင်းချ ဖြန့်ဖြူးသူထံမှ ထွက်ရှိလာသောအရာဖြစ်ကြောင်းကို ဖော်ပြသော စွမ်းရည်ဖြစ်ပြီး၊ ကုန်အမှတ်တံဆိပ်၏ အဓိက အရေးပါဆုံးသော လုပ်ဆောင်ချက်ပင်ဖြစ်သည်။

ဝယ်ယူစားသုံးသူသည် ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများတွင် အသုံးပြုထားသော ကုန်အမှတ်တံဆိပ်ကို ခွဲခြားကြည့်ရှုကာ မိမိလိုအပ်သော ကုန်ပစ္စည်း၊ ဝန်ဆောင်မှုကို ရယူကြသည်ဖြစ်ခြင်းကြောင့် အဆိုပါကုန်ပစ္စည်း၊ ဝန်ဆောင်မှုကို ရောင်းချသူ အနေဖြင့်ကြည့်ပါက ကုန်အမှတ်တံဆိပ်သည် မိမိ၏ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများကို အခြားသူ၏အရာများနှင့် ကွဲကွဲပြားပြားဖြစ်စေရန် လုပ်ဆောင်ပေးသော အရေးပါလှသည့် စွမ်းရည်ပင်ဖြစ်နေသည်။

**(၂) ကုန်ပစ္စည်း၏အရည်အသွေးကို အာမခံနိုင်သော စွမ်းရည်**

**ကုန်ပစ္စည်း၏ အရည်အသွေးကို အာမခံနိုင်သော စွမ်းရည်**ဆိုသည်မှာ ထပ်တူအမှတ်တံဆိပ်ကို အသုံးပြုထားသော ကုန်ပစ္စည်း၊ ဝန်ဆောင်မှုသည် အမြဲတစေ ပုံသေအရည်အသွေး၊ စံနှုန်းအတိုင်း ပြည့်စုံနေသည်ဟု စိတ်ချယုံကြည်ထားသော ယုံကြည်မှုကို အာမခံပေးသည့် လုပ်ဆောင်ချက်ပင် ဖြစ်သည်။

သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်သည် ပုံမှန် အရည်အသွေး၊ စံနှုန်းကို ထိန်းသိမ်းထားသော ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများကို ထုတ်လုပ်ဆောင်ရွက်ပေးနေခြင်းဖြင့် ဝယ်ယူစားသုံးသူထံမှ ယုံကြည်စိတ်ချစွာ သုံးစွဲပေးနေမှုကို ရရှိနိုင်မည် ဖြစ်သည်။

ဝယ်ယူစားသုံးသူသည် အဆိုပါကုန်ပစ္စည်း၊ ဝန်ဆောင်မှုတွင် အသုံးပြုလျက်ရှိသော အမှတ်တံဆိပ်ကို ကြည့်ရှုလိုက်ရုံမျှဖြင့် မည်သို့သော အရည်အသွေးရှိသည့် ပစ္စည်းဖြစ်ကြောင်း၊ မည်သို့သော စံနှုန်းထားများဖြင့် ပြည့်စုံသော ဝန်ဆောင်မှု ဖြစ်ကြောင်းကို သိရှိသွားမည်ဖြစ်၍ ကုန်အမှတ်တံဆိပ်ဖြင့် အာမခံထားသော အရည်အသွေးကို အတည်ပြုကာ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုများ ရယူခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။

ထို့နောက် အချိန်ကြာမြင့် လာသည်နှင့်အမျှ အဆိုပါ အမှတ်တံဆိပ်အပေါ် ယုံကြည်မှုသည် ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၏ အရည်အသွေးကို အာမခံသည့်အရာအဖြစ် ရှုမြင်လာခြင်းပင်ဖြစ်သည်။

**(၃) ကြော်ငြာစွမ်းရည်**

**ကြော်ငြာစွမ်းရည်**ဆိုသည်မှာ ကုန်အမှတ်တံဆိပ်ကို ကြော်ငြာ၊ အရောင်းမြှင့်တင်မှုတို့တွင် အသုံးပြုခြင်းဖြင့် သက်ဆိုင်ရာလုပ်ငန်းရှင်၏ ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများဖြစ်ကြောင်းကို ဝယ်ယူစားသုံးသူတို့အား သိရှိစေကာ ဝယ်ယူသုံးစွဲမှုကို တွန်းအားပေးမြှင့်တင်စေနိုင်သည့် လုပ်ဆောင်ချက်ပင် ဖြစ်သည်။

တီဗွီ၊ သတင်းစာ၊ ဂျာနယ်နှင့် အွန်လိုင်းမီဒီယာတို့တွင် မိမိ၏ အမှတ်တံဆိပ်ကိုအသုံးပြုထားသော ကုန်ပစ္စည်း၊ ဝန်ဆောင်မှုများကို ကြော်ငြာခြင်းဖြင့် ယခင်က အဆိုပါကုန်ပစ္စည်း၊ ဝန်ဆောင်မှုကို သုံးစွဲခဲ့သောစားသုံးသူတို့အတွက် ပိုမို၍ယုံကြည်မှုကို နက်ရှိုင်းစေမည်ဖြစ်သည်။ ထို့ပြင် ယခုအချိန်အထိ မသုံးစွဲဖူးသေးသော စားသုံးသူတို့ကိုလည်း အဆိုပါအရည်အသွေးရှိပြီး ယုံကြည်စိတ်ချရသည်ဆိုသည့် ဂုဏ်သတင်းကို ကြားသိလာစေခြင်းဖြင့် ဝယ်ယူသုံးစွဲလိုသော စိတ်ဆန္ဒကို တိုးပွားဆွဲဆောင်စေမည်ဖြစ်သည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်အနှစ်ချုပ်၊ ပြည်ထောင်စုတရား လွှတ်တော်ချုပ်)**

**မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ**

အမှတ်တံဆိပ်ပိုင်ရှင်သည် အခန်း (၁၁) ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ပါက မှတ်ပုံတင်သက်တမ်းကာလအတွင်း ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ အခန်း (၁၂) ပါ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၃၇)**

အမှတ်တံဆိပ်ပိုင်ရှင်သည် သီးသန့်အခွင့်အရေးအဖြစ် ယင်း၏သဘောတူညီချက်မရှိဘဲ အခြားသူတစ်ဦးက ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို ထပ်တူ သို့မဟုတ် အလားတူသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတွင်အသုံးပြု၍ ကုန်သွယ်မှုပြုရာတွင် အများပြည်သူကို ထင်ယောင်ထင်မှားဖြစ်စေပါက ဤဥပဒေနှင့်အညီ ကာကွယ်တားဆီးခွင့်ရှိသည်။ မှတ်ပုံတင်ထားသော အမှတ်တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ *စာမျက်နှာ ၁၇ သို့*

## မင်္ဂလာရန်ကင်းပြည်သူ့အငှားအိမ်ရာရှိ အိမ်ခန်းများအား ပြည်သူ၊ ဝန်ထမ်းနှင့် အငြိမ်းစားဝန်ထမ်းများကို ငှားရမ်းပေးမည်

**ပုသိမ်ကြီး မေ ၁၉**

ပြည်သူများနေထိုင်ရေး အဆင်ပြေစေရန် အတွက် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီး မြို့နယ် ရှင်တော်ကုန်းကျေးရွာအနီးတွင် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးသော ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာရှိ အိမ်ခန်းများကို ပြည်သူများ၊ လက်ရှိတာဝန် ထမ်းဆောင်ဆဲ ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ငှားရမ်းပေးမည်ဖြစ်သည်။



ငှားရမ်းနေထိုင်လိုပါက အောင်မြေသာစံ မြို့နယ် ၆၆ လမ်း၊ ၁၆ လမ်းနှင့် ၁၉ လမ်းကြားရှိ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေး တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် ဧပြီ ၁၈ ရက်မှ မေ ၁၇ ရက်အထိ ရုံးချိန်အတွင်း လျှောက်လွှာများ ရောင်းချပေးလျက်ရှိကာ ဧပြီ ၂၅ ရက် မှ မေ ၁၉ ရက်အထိ လျှောက်လွှာ များ ပြန်လည်လက်ခံပေးမည်ဖြစ်ကြောင်း မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာ အိမ်ခန်း နေရာချထားရေးကော်မတီက အသိပေး ကြေညာထားကြောင်း သိရပြီး မင်္ဂလာရန်ကင်း ပြည်သူ့အငှားအိမ်ရာနှင့်ပတ်သက်၍ သိရှိ လိုပါက ဖုန်း ၀၉-၉၆၅၆၉၆၄၀၆၊ ၀၉-၂၅၄၂၂၇၈၅၉ သို့တို့ ဆက်သွယ်စုံစမ်းနိုင် ကြောင်း သိရသည်။

**သွင်ထူးဉာဏ်ဇော်(မန္တလေး)**

## ဇဟာန်းလူထုအခြေပြုဗဟိုဌာန၌ အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်

**ဇဟာန်း မေ ၁၉**

နွေရာသီ ကျောင်းပိတ်ရက်ရှည်အတွင်း ကျောင်းသားကျောင်းသူများ အချိန်ကို အကျိုးရှိစွာအသုံးချတတ်ရန်၊ အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတများကြွယ်ဝစေရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် (ဇဟာန်း) လူထုအခြေပြု ဗဟိုဌာန၌ ဧပြီ ၁၈ ရက်က အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ် (၂) အခမ်းအနားကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန် အနောက်ပိုင်းခရိုင်မှူးက အခြေခံကွန်ပျူတာသင်တန်း ဖွင့်လှစ်ရခြင်းနှင့် လူထုအခြေပြုဗဟိုဌာနတွင် ဆောင်ရွက်လျက်ရှိသော သင်တန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းပြောကြားကာ ကွန်ပျူတာ သင်တန်းနည်းပြ က Microsoft word၊ Excel၊ Power point တို့ကို အခြေခံမှစ၍ သင်ကြားပို့ချပေးမည့် အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

အဆိုပါ အခြေခံကွန်ပျူတာသင်တန်းကို မြို့နယ်အတွင်းရှိ အခြေခံ ပညာ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ကျောင်းသားကျောင်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဧပြီ ၁၈ ရက် မှ မေ ၁၂ ရက် အထိ စာတွေ့ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**စန္ဒာမိုး**

## ချောင်းဆုံမြို့နယ်ရှိ ကျေးရွာပြည်သူများအတွက် သောက်သုံးရေများ သွားရောက်လှူဒါန်း

**ချောင်းဆုံ မေ ၁၉**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ ပူပြင်းခြောက်သွေ့ပြီး နွေရာသီ တွင် ကျေးရွာ/ ရပ်ကွက်များရှိ ပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ရည်ရွယ်ပြီး မွန်ပြည်နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်ပြီး ကျေးရွာရှိ ရေလှောင်ကန်နှင့် နေအိမ်များသို့ သောက်သုံးရေများ အခမဲ့ဖြန့်ဝေ ပေးခြင်းကို ဧပြီ ၁၈ ရက်က ချောင်းဆုံမြို့နယ် ကွမ်ရိုက် ကျေးရွာသို့ သွားရောက်ဖြန့်ဝေ ပေးခဲ့သည်။



အဆိုပါ သောက်သုံးရေများ အခမဲ့ဖြန့်ဝေပေးခြင်းကို ပြည်နယ် မီးသတ်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ကျော် ဦးဆောင်ပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန် ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ က ပြည်နယ်မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ်သုံးစီး၊ မြို့နယ် မီးသတ်ဦးစီးဌာနမှ ရေသယ်ယာဉ် သုံးစီး၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ ရေသယ်ယာဉ်တစ်စီးဖြင့် စုစုပေါင်းရေဂါလန် ၁၂၀၀၀ ဂါလန် ကို ကျေးရွာရှိ ရေလှောင်ကန်နှင့် နေအိမ်များသို့ အိမ်တိုင်ရာရောက် အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ရေရှားပါးသော အခြားကျေးရွာ/ ရပ်ကွက်များသို့လည်း ဆက်လက် အခမဲ့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ်၌ လူငယ်ရေးရာအသိ ပညာပေးဆွေးနွေး

**မိုင်းယောင်း မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ နံနက်ပိုင်းက လူငယ်ရေးရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပ သည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်နန်းပန်က “လူငယ်နဲ့စာရိတ္တ” အကြောင်းကို လည်းကောင်း၊ ရုပ်သံကျွမ်းကျင်-၃ ဒေါ်နန်းစီဖောင်းက “လူငယ်နဲ့ ရည်မှန်း ချက်” အကြောင်းကိုလည်းကောင်း၊ လုပ်သားရုပ်သံ ဒေါ်ဝေဝေခိုင်က “လူငယ်နဲ့ ပေါင်းသင်းဆက်ဆံရေး” အကြောင်းကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**




## ထားဝယ်မြို့၌ ရေအခက်အခဲကြုံတွေ့နေသော ကျေးရွာများကို ရေလှူဒါန်း

**ထားဝယ် မေ ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ရေအခက်အခဲကြုံတွေ့ နေရသော ကနိုင်းဒါကျေးရွာနှင့် ယွန်းဘုရားကျောင်းတို့ကို ယနေ့ နံနက်ပိုင်းတွင် ထားဝယ်လူမျိုးစုစည်းမှုကော်မတီဗဟိုက အိမ်တိုင် ရာရောက်သွားရောက်ကာ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



## မက်မန်းမြို့နယ်၌ CP ဥစားကြက်မျိုးများ စံပြမွေးမြူခြင်း ဆောင်ရွက်

**မက်မန်း မေ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင် မက်မန်း မြို့နယ်တွင် CP ဥစားကြက်မျိုးများကို ဒေသခံပြည်သူများ မွေးမြူနိုင် ရေး၊ ဒေသခံပြည်သူများအနေဖြင့် သန့်ရှင်းလတ်ဆတ်သော ကြက် ဥများစားသုံးနိုင်ရေး၊တစ်နိုင်တစ်ပိုင်မွေးမြူခြင်းမှ စီးပွားဖြစ်မွေးမြူနိုင် ရေးအတွက် CP ဥစားကြက်မျိုးများ စံပြမွေးမြူခြင်းကို မက်မန်းခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ စတင်မွေးမြူလျက်ရှိသည်။

မက်မန်းမြို့နယ်၌ ဒေသခံမွေးမြူသူများအနေဖြင့် ဒေသကြက် များကိုသာ မွေးမြူနိုင်ခြင်း၊ အသားနှင့် ဥများထုတ်လုပ်နိုင်မှု အားနည်း ခြင်းတို့ကြောင့် စိတ်ပါဝင်စားသူဒေသခံများအနေဖြင့် အသားတိုးကြက် များမွေးမြူခြင်း၊ ဥစားကြက်များမွေးမြူခြင်းဖြင့် မိသားစုအပိုဝင်ငွေ ရရှိနိုင်ခြင်း၊စီးပွားဖြစ် မွေးမြူနိုင်ရေးတို့ကို ရည်ရွယ်၍ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် ဒေသကြက်အကောင် ၃၀၀ ကို စံပြ မွေးမြူရေးအနေဖြင့် စတင်မွေးမြူလျက်ရှိကြောင်း ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာမောင်ဝင်းထံမှ သိရသည်။

**စောဥမ္မာ (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အခွင့်အရေးများကို ချိုးဖောက်သူအား ပြစ်မှုကြောင်း အရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ နှစ်ရပ်လုံး အရဖြစ်စေ တရားစွဲဆိုခွင့်ရှိသည်။ မှတ်ပုံတင်ထား သည့် ကျော်ကြားသော အမှတ်တံဆိပ်ပိုင်ရှင်နှင့် အသုံးပြုထားသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအကြား ဆက်နွှယ်မှုရှိသည်ဟု ညွှန်ပြသကဲ့သို့ ဖြစ်နေခြင်း၊ ယင်းအမှတ်တံဆိပ် ပိုင်ရှင်၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်ခြင်း အခြေအနေများနှင့် ကိုက်ညီလျှင် မှတ်ပုံတင်ထား သည့် ကျော်ကြားသော အမှတ်တံဆိပ်နှင့် ထပ်တူ သို့မဟုတ် အလားတူသော အမှတ်တံဆိပ်ကို မတူညီသော ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု များတွင် ယင်း၏သဘောတူညီချက်မရှိဘဲ ကုန်သွယ်မှုပြုရာတွင် အသုံးပြုခြင်းကို ကာကွယ် တားဆီးခွင့်ရှိသည်။ မှတ်ပုံတင်ထားသော အမှတ် တံဆိပ်မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများကို အခြားသူတစ်ဦးဦးသို့ လွှဲပြောင်းခြင်း သို့မဟုတ် ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ပေးခြင်းပြုနိုင် သည်။ **(ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပုဒ်မ ၃၈)**

ယခုကဲ့သို့ စွမ်းရည်များရှိသော ကုန်အမှတ် တံဆိပ်ကို မူလတီထွင်ဖန်တီးသူများ သို့မဟုတ် ထုတ်လုပ်သူများအနေဖြင့် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ နည်းဥပဒေများကို လေးစားလိုက်နာခြင်းဖြင့် ကုန်အမှတ်တံဆိပ်မူပိုင် ခွင့် ဥပဒေပါအခွင့်အရေးများကို ရရှိခံစားနိုင်ကြစေရန် အမှတ်တံဆိပ်ကို အကာအကွယ်ပေးခြင်းအားဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်သွယ်ရေးနှင့် ကူးသန်း ရောင်းဝယ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် လာစေရန်ရည်ရွယ်၍ ကောက်နုတ်တင်ပြ အပ်ပါ သည်။ ။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၃)ရပ်ကွက်နေ မြနန်းမူသည် ၎င်းအသုံးပြုသည့် "ကိုယ့်ရဲ့အချစ်လေး" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရှင်စောပုရပ်ကွက်နေ မြင့်ဇော်(ခ) မိုးဝသန်သည် ၎င်းအသုံးပြုသည့် "Moe Wathan" Facebook အကောင့်၊ ဒိုက်ဦးမြို့နယ် ကျောင်းစုရပ်ကွက်နေ ဧကရီမျိုးသန့်သည် ၎င်းအသုံးပြုသည့် "Ekare Myo Thant" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရွှေစံပယ်လမ်းနေ စိုးသီဟခိုင်သည် ၎င်းအသုံးပြုသည့် "Soe Thiha Khaing" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော မော်တော်ဆိုင်ကယ် အပိုပစ္စည်းဖြစ်သည့် DOLPHIN အမျိုးအစား Wheel Rim ၁၃၀၀ ကီလိုဂရမ်(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၃၅၅၁) ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၁၃၅၅၁ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာန အသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒိုက်ဦးမြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ပဲခူးမြို့နယ်၊ ဖြူးမြို့နယ်၊ မင်းလှမြို့နယ်၊ ရွှေတောင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ လက်ပံတန်းမြို့နယ်၊ သာယာဝတီမြို့နယ်၊ သဲကုန်းမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်များအတွင်း တရားမဝင် ကျွန်းသစ် ၂၇ ဒသမ ၆၂၅၆ တန်၊ သစ်မာ ၂၁ ဒသမ ၂၂၂တန်နှင့် အခြားသစ်မျိုးစုံ ၁၁ ဒသမ ၇၄၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၀၉၂၅၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ အမှတ်(၈) တပ်ထိပ် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန အသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကသာမြို့နယ်နှင့် ရွှေဘိုမြို့နယ်အတွင်း တရားမဝင် ကျွန်းသစ် ၁ ဒသမ ဝ၆ဝ တန်၊ အင်ခွဲသားဆိုဒ်စုံ ၂ ဒသမ ၇၂၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၂၇၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၇၆၂၇၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၁၈ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ကိုးမှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၁၉၉၉၀၇၁ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**





စစ်ကိုင်းတိုင်းဒေသကြီး ဖမ်းဆီးရမိမှု။



မမိုးမိုးအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ဒေါပုံမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲက ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံရပ်ကွက် မေတ္တာလမ်းတွင် မမိုးမိုးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ၎င်းကိုင်ဆောင်ထားသည့် ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မမိုးမိုး(၄၅)နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## ပြင်ဦးလွင်မြို့နယ်၌ အရှိန်မထိန်းနိုင်သည့် မော်တော်ယာဉ် လမ်းဘေးချောက်အတွင်းသို့ ထိုးကျတိမ်းမှောက် အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ရှစ်ဦး ဒဏ်ရာရ

**နေပြည်တော် မေ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ မေ ၁၈ ရက်က မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ပြီး အမျိုးသားတစ်ဦး သေဆုံးကာ အမျိုးသား ၁၂ ဦးနှင့် အမျိုးသမီး ရှစ်ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၈ ရက် ညနေ ၅ နာရီခန့်တွင် ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာအိမ်ရာနေ အောင်ကိုမြင့် (၃၉) နှစ် မောင်းနှင်ပြီး ချမ်းမြသာစည်မြို့နယ်နေ မျိုးကျော် (၂၉) နှစ်ပါ လူ ၂၀ လိုက်ပါလာသော 8I/--- TOYOTA Light Truck ယာဉ်သည် ရဲကျေးရွာဘက်မှ ကျောက်ချောကျေးရွာဘက်သို့ မောင်းနှင်လာစဉ် ပြင်ဦးလွင်မြို့နယ် ကျောက်ချော-ရဲရွာကားလမ်း မိုင်တိုင်အမှတ် ၄ မိုင် ၇ ဖာလုံကြားအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက်ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် မျိုးကျော်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အောင်ကိုမြင့်ပါ အမျိုးသား ၁၂ ဦးနှင့် ချမ်းမြသာစည်မြို့နယ်နေ မသဲသဲ(၂၈)နှစ်ပါ အမျိုးသမီး ရှစ်ဦးတို့တွင် ဒဏ်ရာများအသီးသီးရရှိခဲ့သဖြင့် အောင်ကိုမြင့်အား ပြင်စာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## လားရှိုးမြို့နယ်၌ လင်မယားချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်၌ လင်မယားချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှု ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ မေ ၁၇ ရက် ည ၈ နာရီခန့်က လားရှိုးမြို့နယ် တာပုံကျေးရွာနေ မအေးဖွေး(၃၈)နှစ်သည် နေအိမ်၌ရှိနေစဉ် ခင်ပွန်းဖြစ်သူ သန်းလွင်(၄၁)နှစ်က အရက်သေစာ သောက်စားမူးယစ်ကာ သစ်သားခုံဖြင့် မအေးဖွေးကို ရိုက်နှက်သဖြင့် မအေးဖွေးက သစ်သားခုံကိုလုယူပြီး ပြန်လည်ရိုက်နှက်ခဲ့သောကြောင့် သန်းလွင်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သဖြင့် မအေးဖွေးအား လားရှိုးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

## မင်းတုန်းမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား အမျိုးသား တစ်ဦး၊ အမျိုးသမီး ၁၆ ဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၁၉**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ်၌ မေ ၁၈ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်က မင်းတုန်းမြို့နယ် ကံကုန်းကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် ၁၈၁ မိုင် ၁ ဖာလုံကြား၌ ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားသည်။

သတင်းအရ မင်းတုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ကြံခင်းမြို့နယ်၊ စပါးအို(န)ကျေးရွာနေ အောင်ဇော်လတ်(၂၃)နှစ် မောင်းနှင်ပြီး ခရီးသည် အမျိုးသမီး ၁၆ ဦး လိုက်ပါလာသော 9R/---- Pick up ယာဉ်သည် ပဒါန်းဘက်မှ မင်းတုန်းဘက်သို့ မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်ခြမ်းရှိ ကျွန်းပင်ကို ဝင်ရောက်တိုက်မိတိမ်းမှောက်သွားခဲ့သဖြင့် အောင်ဇော်လတ်နှင့် မင်းလှမြို့နယ် ကွေ့ကျောကျေးရွာနေ မခင်လေးနွယ်(၂၉)နှစ်ပါ အမျိုးသမီး ၁၆ ဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် အောင်ဇော်လတ်အား မင်းတုန်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

## လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးဆောင်ရွက်

**အုတ်တွင်း မေ ၁၉**
မိုးဦးလေဦးမကျမီ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေးနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေး အတွက် အုတ်တွင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဌာနမှ ဦးဆောင်၍ ယနေ့နံနက်ပိုင်းက မြို့ပေါ် ရပ်ကွက်များ၌ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းရေး ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးထူးကိုကိုက မြို့နယ်အတွင်း (၁၁) ကေဗွီနှင့် (၄၀၀)ဗို့ ဓာတ်အားလိုင်းများကြောင့်ဖြစ်ပေါ်နိုင်သော လျှပ်စစ်အန္တရာယ်များ မဖြစ်ပေါ်စေရေး၊သစ်ပင်သစ်ကိုင်းများကြောင့် ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေးနှင့် မိုးဒဏ်လေဒဏ်ဖြင့် သစ်ကိုင်းများ ကျိုးကျမှုကြောင့် ဓာတ်အားလိုင်းများ ပျက်စီးမှု မဖြစ်ပေါ်စေရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

နှစ်စဉ် မိုးဦးလေဦး မကျမီ လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ရပ်ကွက်အလိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေမင်းရည်စော (ပြန်/ဆက်)**




### မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV - HD)မှ အများပြည်သူပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၂၀-၄-၂၀၂၂)ရက် (သောကြာနေ့)ညတွင် MRTVသံစုံတီးဝိုင်းနှင့်အတူ ဌာနအဆိုရှင်များ၊ ပြင်ပတေးသံရှင်များ စုပေါင်း၍ Live Show တေးသီချင်းဖျော်ဖြေမှု အစီအစဉ်ကို **"ဗေရယ်"** ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

**(၂၀-၄-၂၀၂၂)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ကြည်ဖြူပါတော့ | ပြင်ပအဆိုရှင် |
| ၂။ | ခွင့်လွှတ်ပေးဖို့တောင်းပန်ချင် | ပြင်ပအဆိုရှင် |
| ၃။ | နွေ | ပြင်ပအဆိုရှင် |
| ၄။ | ရွှေပင်လယ် | ဌာနအဆိုရှင် |
| ၅။ | ဆည်းဆာ | ဌာနအဆိုရှင် |
| ၆။ | လေကလေး | ဌာနအဆိုရှင် |
| ၇။ | နွေဦးကုံကော် | ဌာနအဆိုရှင် |
| ၈။ | ဗေရယ် | ပြင်ပအဆိုရှင် |
| ၉။ | နွေဦး | ဌာနအဆိုရှင် |
| ၁၀။ | မှုန်ရွှေရည် | ဌာနအဆိုရှင် |

## ဟိုပန်ခရိုင် (၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်

**ဟိုပန် မေ ၁၉**
(၂၆) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင် ဟိုပန်မြို့ အခြေခံပညာ အထက်တန်းကျောင်း၊ စာေမဟာခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပရာ ဟိုပန်မြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား/ကျောင်းသူ ၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

အဆိုပါ ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးထွန်းထွန်းဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်စိုးတင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဝင်းလှိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၄ - ၂၀၂၂

**ရွှေ**

| | | |
|---|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၆၀၉၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် | ၂၃၄၅၆၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၂၀၀၄ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၉၉၁ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၀၆၀ ကျပ် | ၂၁၀၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၁၄၀ ကျပ် | ၂၁၈၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၄၅ ကျပ် | ၂၁၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၄၀ ကျပ် | ၂၂၉၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၉၇ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၇၀ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၉၄၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၈ . ၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၂ . ၇၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၄ . ၅၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၅၄၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၀၀၀ | ၈၀၀၀ | ၂၂၁၂ | ၁၇၆၉၆၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၅၀ | ၃၄၀ | ၉၉၈၅၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၄၅၀ | ၁၄၅၀ | ၁၅၀၄ | ၂၁၁၆၅၅၀ |
| TMH | ၂၅၅၀ | ၂၅၅၀ | ၃ | ၇၆၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၄၇ | ၂၃၀၃၀၀ |

ညီညီ - စုစည်းသည်

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်(၂၇၀)၊ (၇/၈)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ (၄၀ x ၆၀) ပေအကျယ်ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းမှတ်တမ်းတွင် ဦးကြည်ရှိန် အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် အမျိုးအစားမြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်၏ (၄၀ x ၆၀)ပေ အကျယ်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် (ဂရန်မူရင်းဘက်ခြမ်း)၊ (၂၀ x ၆၀)ပေ အကျယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးပိုင်မြင့် ၁၁/တတန(နိုင်) ၀၅၈၁၀၇ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးလှမင်းထက်၊ ဒေါ်အိဇာဇာခင်တို့က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ထက်ကျော်လွန်ပါက မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဒေါ်သက်သက်မွန်** | **ဦးသုထက်ကျော်လွင်** | **ဒေါ်စုပိုပိုဇော်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၀၆၀၅/၂၀၁၅)** | **(စဉ်–၄၉၅၀၂/၂၀၁၈)** | **(စဉ်–၅၄၈၃၅/၂၀၂၂)** |

**တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
ဖုန်း–၀၉–၇၉၅၅၃၄၇၅၃၊ ၀၉–၇၅၀၃၉၈၄၀၆

## ဦးသန်းစိုးအောင် ၉/မနတ(နိုင်) ၁၀၅၈၅၂၏ (၆-၄-၂၀၂၃)ရက်စွဲဖြင့်မြန်မာ့အလင်း သတင်းစာပါ အများသိစေရန် အသိပေးကြေညာခြင်းအား ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း(၂၀)၊ မြေညီထပ်၊ အမှတ်(၉)နေ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးအောင်နိုင် ၉/မနတ(နိုင်) ၁၀၅၈၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာပါသည်–

ကျွန်ုပ်မိတ်ဆွေ ဦးစိုးအောင်နိုင်နှင့် ဦးသန်းစိုးအောင်တို့သည် ဖခင် ဦးစိုးလွင်နှင့် မိခင် ဒေါ်စောကြူတို့မှ မွေးဖွားသော သားများဖြစ်ကြပြီး မိခင်ဖခင်တို့ကျန်ရှိခဲ့သော ပစ္စည်းများ(ရွှေ့ပြောင်းနိုင်၊ မရွှေ့ပြောင်းနိုင်ပစ္စည်းများ)ကို တရားဝင်အမွေဆက် ခံခွင့်ရှိသူများဖြစ်ကြပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးအောင်နိုင်အနေဖြင့် (၁၆–၃–၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာတွင် အများသိစေရန် ကြေညာချက်ခေါင်းစဉ်ဖြင့် မိဘများကွယ်လွန်ပြီးနောက် ကျန်ရှိသော ပစ္စည်းများအား အမွေဆိုင် ပစ္စည်းများအဖြစ် ကြေညာခဲ့ပြီးဖြစ်ရာ ဦးသန်းစိုးအောင်၏ (၆–၄–၂၀၂၃)ရက်စွဲပါ နေထိုင်သည့် နေရပ်လိပ်စာဟု မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသော ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ပဒေသရာဇာလမ်း၊ အမှတ်(၁၅၀၃) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်ခွဲတိုက် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဖခင် ဦးစိုးလွင်၏အမည်ဖြင့် ဝယ်ယူခဲ့သည့် အမွေဆိုင်ပစ္စည်းအဖြစ် တည်ရှိနေပါသည်။ ၎င်းအပြင် နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ ရွှေနှင်းဆီ(၁၂)လမ်းရှိ မြေကွက်အမှတ်(ဒ–၃၁၂၀၅) အလျား (၈၀') x အနံ (၈၀')မြေကွက်နှင့် ယင်းမြေပေါ်ရှိ RC(၁)ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးစိုးအောင်နိုင် အမွေဆက်ခံခွင့်ရှိသော ပစ္စည်းဖြစ်ပါသည်။ သို့သော် Nissan Sky Line Sloon အမျိုးအစား (YGN–7C/9811)မီးခိုးရောင် မော်တော်ယာဉ်နှင့် အမှတ်(၉)၊ မြေညီထပ်၊ လမ်း(၂၀)၊ လသာ မြို့နယ်တိုက်ခန်း စသည်တို့မှာ အမွေဆိုင်ပစ္စည်းများမဟုတ်ပါ။သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးအောင်နိုင်သည် မိဘများ ကျန်ရှိခဲ့သော ပစ္စည်းများနှင့်ပတ်သက်၍ အမွေဆက်ခံခွင့်ရှိသူ သားတစ်ဦးဖြစ်သည့်အတွက် ဦးစိုးအောင်နိုင်၏ သဘောတူညီမှုမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ကြရန် ကန့်ကွက်ပါကြောင်းနှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးသန်းစိုးအောင်နှင့်အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စိုးစိုးမိုး တရားလွှတ်တော်ရှေ့နေ(စဉ်–၇၆၆၈)**
**အမှတ်(၂၄)၊ ဒုတိယထပ်၊ (၁၅၂)လမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၉၇၉၃၁၁၂၁၆**

## အများသိစေရန်ကြေညာခြင်း

ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ(၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၃၇)၊ ဆိတ်ပြန်ကြီးကွင်း၊ ဦးပိုင်အမှတ်(၂၉ᵃ/၁)၊ မြေကွက်အမှတ်(၁၅၀)၊ မြေဧရိယာ (၀ဒသမ၂၅)ဧကရှိ မြေကို ဦးစောဝင်းကျော်သူအမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာပါသည်။

ထိုသို့ လျှောက်ထားလာပါ၍ အထက်ပါမြေကွက်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်မှ တင်သွင်းသည့် ကန့်ကွက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ညောင်လေးပင်မြို့**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U /7253, Dong Ben–300, T/W ယာဉ်လက်ဝယ်ရှိသူ Good Brothers' Co;Ltd အမှတ်(၁၁)၊ နယ်မြေ(၁၁)မြို့ရှောင်လမ်း၊ ပခုက္ကူမြို့က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ပခုက္ကူ)**

## မိဘအမည်မှန်

ဖျာပုံမြို့နယ်၊ အထက (ကျုံကဒွန်း) Grade–12မှ မောင်ညီညီ၏ မိဘအမည်မှန်မှာ ဦးကျော်မြင့်–ဒေါ်စန်းစန်းအေး ဖြစ်ပါကြောင်း။

**ဦးကျော်မြင့် (PPN–224482)**
**ဒေါ်စန်းစန်းအေး**
**၁၄/ဖပန(နိုင်)၁၈၉၀၉၃**

## ပြည်ထဲရေးဝန်ကြီးဌာန အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးရုံး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးမှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုငွေဖြင့် အောက်ပါလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား ကုမ္ပဏီ/ လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်–

| အုပ်စု | မြို့နယ် | လုပ်ငန်း |
|---|---|---|
